YCOWA

# ရောင်ခြည်ဦး

အလုပ်သမားရေးရာဂျာနယ်

အတွဲ ၈၊ အမှတ် ၉ အလုပ်သမားအခွင့်အရေး ဒီမိုကရေစီရေး တရားမျှတမှု စက်တင်ဘာလ ၂၀၁၅ ခုနှစ်

## မြန်မာတို့စေတနာ



## အယ်ဒီတာ့အာဘော်

ရေကြီးရေလျှံမှုတွေက လျော့ကျသွားခြင်းမရှိဘဲ ပိုမိုဆိုးဝါးလာတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရဆဲပါ။ ချင်းပြည်နယ်မှာဆိုရင်ဖြင့် မြို့တဝက်နီးပါးရှိတဲ့သူတွေကို ပြောင်းရွှေ့ရမယ်ဆိုပြီး ချင်းပြည်နယ်အစိုးရအဖွဲ့က ကြေညာထားတာလည်း တွေ့ရပါတယ်။ ရေဘေးကူညီကယ်ဆယ်နေကြတဲ့ ပရဟိတသမားတွေလည်း အများအပြားလာရောက် ကူညီကြတာတွေလည်း တွေ့ရပါတယ်။ ဒါပေမယ့် ရေဘေးသင့် ပြည်သူတွေအတွက် လောက်ငမှုမရှိပါဘူး။ အချို့ဒေသတွေမှာဆိုရင် အစိုးရရဲ့ ကူညီ ကယ်ဆယ်မှုတွေမရရှိခဲ့ပါဘူး။ ၂၀၀၈ နာဂစ်ပြီးရင် ဒီတခေါက် ကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်ဟာ အဆိုးဝါးဆုံးအခြေအနေဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ အကူအညီပေးရေးတွေကိုလည်း အစိုးရကချက်ခြင်းလက်ခံခဲ့ခြင်းမရှိတော့ ပြည်သူလူထုကို ပိုမိုဒုက္ခရောက်စေခဲ့ပါတယ်။ UNHCR တံဆိပ်နဲ့ လာရောက်လှူဒါန်းထားတဲ့ ဘီစကွတ်မုန့်ဟာ လက်ဖက်ရည်ဆိုင်ပေါ် ကိုရောက်နေတယ်ဆိုတာကို ကြည့်ခြင်း အားဖြင့် မြန်မာနိုင်ငံရဲ့ ခြစားမှုတွေကို မြင်တွေ့နိုင်ပါတယ်။ ကိုယ်တိုင်ကြတော့လည်း မလှူ၊ လှူနိုင်တဲ့သူတွေ ပေးပြန်တော့လည်း ရေဘေးသင့်ပြည်သူတွေထံ အကုန်မရောက်ပါဘူး။ ဦးသိန်းစိန် အစိုးရကို လူထုက ဘယ်လို ယုံကြည်နိုင်ပါ့မလဲ။

စက်တင်ဘာလထဲမှာ တချို့သောအမတ်လောင်းတွေက ထီး၊ ယပ်တောင်၊ ဆန်၊ ဆီတွေ သွားရောက်လှူဒါန်းတာကြားမိတော့ ပေးကမ်းစွန့်ကြဲခြင်း ရက်ရော ပါဘိလို့ တွေးလိုက်မိတယ်။ စေတနာသဒ္ဓါတရားထက်လွန်းလို့ လှူဒါန်းတာတော့ မဟုတ်ပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းဖြစ်ပါတယ်ဆိုပြီး ကာတွန်းတွေမှာ ဖော်ပြထားတာကိုလည်း ဖတ်ရှုလိုက်ရပါတယ်။ နားမလည်တဲ့လူထုကို လိမ်လည် လှည့်ဖြားမှုတွေမပြုလုပ်ဘဲ မှန်ကန်တဲ့မဲဆွယ်စည်းရုံးခြင်းကို ပြုလုပ်သင့်ပါတယ်။ သို့မှသာ ယိုယွင်းပျက်စီးနေတဲ့ တရားရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ပြုပြင်နိုင်မယ့် အစိုးရတရပ်ပေါ်ပေါက်လာပါလိမ့်မယ်။ လူထုအတွက် အမှန်တကယ် အလုပ်လုပ်ကိုင်ပေးမယ့် အစိုးရတရပ်ပေါ်ပေါက်ဖို့အတွက် လူထုက မဲပေးရွေးချယ်မှုတွေ ပြုလုပ်ရာမှာလည်း မှားယွင်းမှုတွေ၊ အားနည်းချက်တွေ အများကြီး ရှိနေပါသေးတယ်။ မဲပေးရမယ့်စာရင်းတွေထဲမှာ နာမည်တွေကို မှားယွင်းစွာ ဖော်ပြနေတာတွေလည်း အများအပြားတွေ့နေရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲလို မဲလိမ်တဲ့အခြေအနေမျိုးတွေနဲ့ ကြုံတွေ့ရမယ်ဆိုရင်တော့ လူထုအတွက် အင်မတန်စိုးရိမ်ဖွယ် ကောင်းလှပါတယ်။ ကြိုတင်မဲတွေကို ကောက်ခံရာမှာလည်း ကွာဟမှုတွေ ရှိနေပါသေးတယ်။

ထိုင်းနိုင်ငံမှာဆိုရင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃ သန်းကျော် ၄ သန်းလောက် ရှိပါတယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေက မဲပေးခွင့်ကို ဆုံးရှုံးနေဆဲဆိုတာကို တွေ့ရပါတယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုတွေမှာ လက်မှတ်တွေမရှိကြပါဘူး။ မြန်မာသံရုံးက အသက် ၁၈ နှစ် ပြည့်ပြီး၊ ပတ်စပို့စာအုပ်ကိုင်ဆောင်ထားသူတွေ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိတယ်ဆိုပြီး ပြောထားတယ်။ မြန်မာ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခက်အခဲက ဘယ်လိုမဲပေးရမလဲ။ ဘယ်နေရာမှာ ပေးရမှာလဲဆိုတဲ့ မေးခွန်းတွေ ထုတ်လာကြပါတယ်။ လက်မှတ်မရှိဘူး။ သို့ပေမယ့် မြန်မာနိုင်သားစိစစ်ရေးကဒ်ပြားရှိတဲ့သူတွေ အတွက်ဆိုရင်ရော မြန်မာအစိုးရက ဘယ်လိုစဉ်းစားထားပေးလည်းဆိုတာကို ရှင်းလင်း စွာ တွေ့မြင်ရခြင်း မရှိပါဘူး။ မြန်မာသံရုံးနဲ့ ကောင်စစ်ဝန်ရုံးတွေမှာ မဲပေးတဲ့ လူဦးရေက ရာဂဏန်းလောက်ပဲ ရှိပါသေးတတယ်။ ကျနေသေးတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၃ သန်းကျော်၊ ၄ သန်းလောက်ရဲ့ မဲပေးပိုခွင့်တွေကို အစိုးရအနေနဲ့ လျစ်လျူရှုထားမှာလား။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ မဲပေးခွင့်ရတာကတော့ ဘန်ကောက်မှာရှိတဲ့ မြန်မာသံရုံးနဲ့ ချင်းမိုင်မှာရှိတဲ့ ကောင်စစ်ဝန်ရုံးတို့ပဲ ဖြစ်ပါတယ်။ မဲပေးတဲ့အချိန်ကိုလည်း သတ်မှတ်ထားပါသေးတယ်။ ဘန်ကောက်တို့၊ ချင်းမိုင်တို့မှာ နေထိုင်လုပ်ကိုင်ခြင်း မရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် မဲပေးဖို့ရာအခွင့်အရေးတွေက ဆုံးရှုံးနေဆဲ ဆိုတာကို တွေ့ရပါတယ်။ ဘန်ကောက်တို့၊ ချင်းမိုင်တို့လိုမြို့ကြီးတွေကို သွားရောက် မဲ ထည့်ဖို့အတွက် လမ်းခရီးစရိတ်တွေ၊ လက်မှတ်မရှိခြင်း ပြဿနာတွေနဲ့ ကြုံတွေ့နေရပါ တယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ မဲပေးခြင်း အခက် အခဲတွေ ကြုံတွေ့နေရတာ တွေကို အစိုးရအနေနဲ့ ဖြေရှင်းပေးနိုင်မှသာ ကောင်းမွန်တဲ့ အစိုးရတရပ် ပေါ်ပေါက်လာ လိမ့်မယ်လို့ မျှော်မှန်းမိပါတော့တယ် ■


## ပုံနှိပ်မှတ်တမ်း

အုပ်ချုပ်ရေးမှူး ■ ဦးမိုးဆွေ

တာဝန်ခံအယ်ဒီတာ ■ ကိုစျာန်

အယ်ဒီတာအဖွဲ့ ■ မျိုးကို၊ ရဲခေါင်ကျော်စွာ

သတင်းပြင်ဆင်တင်ဆက်မှု ■ ကိုဟိန်း၊ သော်တာအောင်

စာစီစာရိုက် ■ ရောင်ခြည်ဦးအဖွဲ့သားများ

မျက်နှာဖုံးနဲ့ အတွင်းဒီဇိုင်း ■ သီဟမောင်မောင်

ဖြန့်ချိရေး ■ ရောင်ခြည်ဦးအဖွဲ့သားများ



ဆက်သွယ်ရန် ■ *P.O Box: 37, Maesot, Tak 63110, Thailand*

*Email: ycowainfo2012@gmail.com*

*Tel: 089 565 9899, 083 411 7870, 0912832452*




## သွေးပုံရိပ်

မောင်လွမ်းဏီ

ငတ်မွတ်လွန်း၍
တွန်းလှန်အုံကြွ၊ ရှန်းကန်ထသည်
လမ်းမပေါ်က လူလှိုင်းကြီး။

တပ်ဦးကျောင်းသား၊ မားမားမတ်မတ်
ရင်ကော့ရပ်နေ၊ သွေးစွန်းပေညစ်
လက်ရုံးညှစ်အော်၊ မိုးယံကျော်လွှား
ကြွေးကြော်သံလား၊ ဗုံးသံလား။

ပိတ်စရဲနီ၊ ဒီရေမုန်တိုင်း
လူလှိုင်းကိုပိုး၊ ရှေ့ကိုတိုးပေါ့
သေရိုးမရှိသည့် တို့တိုင်းပြည်။

သွေးသွန်ချောင်းစီး
အရေးကြီးပြီ၊ သွေးနီးကြစို့
အရေးတော်ပုံ အောင်ရမည်။

တိုက်ပွဲထဲမှာ
သူရဲကောင်းများ မွေးဖွားခဲ့
သူရဲကောင်းများ
တိုက်ပွဲလင့်ကြို တေးဆိုသည်။

၁၅ - ၇ - ၁၉၉၆

## မြန်မာပြည်ရေဘေးကယ်ဆယ်ကူညီရေးအတွက် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့နှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အလှူ



## စိတ်ကြွဆေး ၂၇ သန်းအမှု တရားခံတွေ လွတ်နေဆဲ



ရန်ကုန် မင်္ဂလာဒုံ ဇေကမ္ဘာစက်မှုဇုံ၏ ဝင်းက ကုန်တင်ကားပေါ်က စိတ်ကြွဆေးပြား ၂၇ သန်းနီးပါးနဲ့ မြောက်ဒဂုံနဲ့ သာကေတမှာ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြား ၂ သန်းတို့နဲ့ပတ်သက်ပြီး ၄ ဦးကို ဖမ်းဆီးမိခဲ့ပါတယ်။

အဲဒီအမှုမှာပါဝင်တဲ့ ၁၆ ဦးထဲက ကျန်တဲ့ ၁၂ ဦးကတော့ အခုထိ လွတ်နေဆဲပဲလို့ မြန်မာနိုင်ငံမူးယစ်ဗဟိုက တားဆီးနှိမ်နင်းရေးဌာနက ဘီဘီစီကို ပြောပါတယ်။

ဖမ်းဆီးမိခဲ့သူတွေထဲမှာ မန်နေးဂျင်း ဒါရိုက်တာ အဆင့်ကနေ ကားမောင်းသမားအထိ ပါဝင်တယ်လို့ မူးယစ်ဗဟိုက ရဲမှူးကြီး မြင့်သိန်းက ပြောပါတယ်။ သူတို့ထဲက တချို့ဟာ ကုလားတန်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီနဲ့ Arakan Bay ကုမ္ပဏီမှာ ဒါရိုက်တာတွေ ဖြစ်ကြတယ်လို့ ရဲမှူးကြီး မြင့်သိန်းက ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ကုန်ပိုင်းက မူးယစ်ဆေးတွေကို ဖမ်းဆီးရမိခဲ့တဲ့အချိန်မှာ ပစ္စည်းနဲ့ ကားပဲမိပြီး လူကို မမိခဲ့တဲ့အတွက် အချိန်ကြာခဲ့တာဖြစ်တယ်လို့လည်း ပြောပါတယ်။

ဒီအမှုမှာ အာဏာပိုင်ထဲက ထိပ်တန်းခေါင်းဆောင်တွေ ပါတယ်ဆိုပြီး သတင်းထွက်ပေါ်မှုတွေ ရှိနေပေမယ့် လောလောဆယ် စုံစမ်းစစ်ဆေးမှုတွေအရတော့ အဲဒီလိုမျိုး ပါဝင်မှုမျိုး မရှိဘူးလို့ ပြောပါတယ်။

အခုဖမ်းဆီးသိမ်းဆည်းထားတဲ့ မူးယစ်ဆေးတွေဟာ ရှမ်းပြည်နယ် နယ်စပ်ဘက်က ထုတ်လုပ်တာ ဖြစ်နိုင်တယ်လို့ ရဲမှူးကြီး မြင့်သိန်းက ပြောပါတယ်။

အခု ဖမ်းဝရမ်းထုတ်ထားတဲ့ ၁၂ ဦးဟာ ပြည်ပကို ထွက်ခွာသွားတဲ့ အထောက်အထားတော့ မတွေ့ရတဲ့အတွက် ပြည်တွင်းမှာပဲ ရှိနေနိုင်တယ်လို့ ရဲမှူးကြီး မြင့်သိန်းက ပြောပါတယ်။ *Credit: BBC* □

## ဟာခါးမြို့တဝက်နီးပါး ပြောင်းရွှေ့ရမယ်



ချင်းပြည်နယ် ဟားခါးဒေသမှာ မိုးကြီးလို့ ဖြစ်ပွားခဲ့တဲ့ မြေပြိုမှုတွေကြောင့် ဟားခါးမြို့တဝက်နီးပါးလောက် ပြောင်းရွှေ့ရဖို့ရှိနေပါတယ်။

မြို့ဟောင်း၊ မြို့သစ်၊ ဈေးဟောင်းနဲ့ ကျောဘုတ်ဆိုတဲ့ ရပ်ကွက်တွေဟာ မကြာခင် ပြောင်းရွှေ့ရဖို့ ရှိနေကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်မောင်စိုးက ပြောပါ တယ်။

ဟာခါးဒေသဟာ ကြေမွတဲ့ ကျောက်အမျိုးအစား ရှိနေပြီး၊ တောင်အနေအထားကလည်း မတ်စောက်တဲ့အတွက် အခုလို မိုးရေချိန်အရမ်းများတဲ့အခါမှာ တောင်ပြိုမှုတွေ ဖြစ်တာလို့ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အတွင်းရေးမှူးဖြစ်သူ ကိုစောသူရထွန်းက ပြောပါတယ်။

မြေပြိုမှုတွေကြောင့် မြို့ပေါ်လူ ၇၀၀၀ နီးပါးဟာ ဒုက္ခသည်စခန်း ၇ ခုမှာ မှီခိုနေရပြီးတော့ မြေပြိုမှုဖြစ်တဲ့နေရာတွေမှာ ပြန်နေဖို့ မဖြစ်နိုင်တော့ပါ။

ပြောင်းရွှေ့ပေးဖို့နေရာကိုတော့ ဘူမိဗေဒပညာရှင်တွေနဲ့ လေ့လာမှုတွေ လုပ်နေတယ်လို့လည်း ဦးတင်မောင်စိုးက ပြောပါတယ်။

ချင်းပြည်နယ်အတွင်း ဇူလိုင်လကုန်ပိုင်းကစလို့ မြို့နယ် ကိုးမြို့နယ်စလုံးမှာ မြေပြိုမှု၊ နေအိမ် ပျက်စီးမှုနဲ့ လမ်းတံတား ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ခန့်မှန်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း တစ်သောင်းကျော် ဆုံးရှုံးခဲ့တယ်လို့ ပြည်နယ်အစိုးရဘက်က ထုတ်ပြန်ထားပါတယ်။

ပြည်နယ်အစိုးရဘက်ကတော့ ပြောင်းပြီးနေထိုင်ရမယ့်မိသားစုတွေအတွက် လိုအပ်တဲ့ ဆောက်ပစ္စည်းတွေ ပံ့ပိုးပေးသွားမယ်၊ ပြောင်းရွှေ့မှုကို စီစဉ်ပေးမယ်လို့ ပြောပေမယ့် နေစရာပျောက်သွားတဲ့ ဟားခါးမြို့ပေါ်ကလူတွေအတွက်ကတော့ အခုအချိန်အထိ ဘယ်လိုနေထိုင်စားသောက်မယ်ဆိုတာ ရေရေ ရာရာ မရှိ သေးဘူးလို့ ပြောရမှာ ဖြစ်ပါတယ်။ *Credit: BBC* □

## အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ရေးဆွဲချုပ်ဆိုကြရန်အသိပေးကြေညာချက်ထုတ်ပြန်




အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အနည်းဆုံးအခကြေးငွေအား ထုတ်ပြန်ခဲ့ပြီးဖြစ်၍ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေ နှုန်းထားနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ လုပ်ငန်းပိုင်ရှင်များသည် မိမိတို့ခန့်ထားပြီး အလုပ်သမား၊ အသစ်ခန့်မည့် အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ညှိနှိုင်းချုပ်ဆိုရမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ကြေညာချက် ထုတ်ပြန်သည်။

ယခု စက်တင်ဘာလမှစတင်၍ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုရမည်ဖြစ်သည်။ အလုပ်အကိုင်နှင့် ကျွမ်းကျင် ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ အခန်း ၃၊ ပုဒ်မ ၅ က (၁) အရ အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခု လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီမှု စာချုပ်အား ချုပ်ဆိုပေးရမည်ဖြစ်ကြောင်း ကြေညာချက်ထဲတွင် ပါရှိသည်။

လုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားများအား လစာထုတ်ပေးရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့် အတူပူးတွဲ ဖော်ပြထားသည့် လစာ ထုတ်ပေးမှုမှတ်တမ်းပုံစံဖြင့် လစာထုတ်ပေးရမည်ဖြစ်သည်။

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံနှင့် လစာထုတ်ပေးမှု မှတ်တမ်းပုံစံအား သက်ဆိုင်ရာ အလုပ်သမားရှာဖွေရေးရုံးမှတဆင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ဖြန့်ဝေပြီးဖြစ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများသည် အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူစာချုပ်ချုပ် ဆိုခြင်းနှင့် လစာ ထုတ်ပေးခြင်းတို့အား မပျက်မကွက် ဆောင်ရွက်သွားရန်နှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်နှင့် သက်ဆိုင်မှု မရှိသည့် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသော လုပ်ငန်းငယ်များ အနေဖြင့်လည်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အား ချုပ်ဆိုရန် လိုအပ်ကြောင်း ကြေညာချက်ထဲတွင် ပါရှိသည်။ အနည်းဆုံး လုပ်ခလစာ သတ်မှတ်ချက်သည် တစ်ရက်လျှင် ကျပ် ၃,၆၀၀ အဖြစ် သတ်မှတ်ထားရှိသည်။

*Credit: Xinhua* □

## အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၌ ထိန်းသိမ်းခံ မြန်မာရေလုပ်သား ၁၀၅ ဦး မြန်မာပြည်သို့ပြန်လည် ရောက်ရှိလာ

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သားများအနက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ပြီး မြန်မာရွှေ့ပြောင်းရေလုပ်သား ၁၀၅ ဦး သည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းအချိန်တွင် မြန်မာနိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံ LION AIR လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိ လာခဲ့သည်။

ထိုမြန်မာရွှေ့ပြောင်းရေလုပ်သား ၁၀၅ ဦးမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး၊ ပဲခူးတိုင်း ဒေသကြီး မှ ၈ ဦး၊ ဧရာဝတီတိုင်း ဒေသကြီးမှ ၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီး ၃ ဦး၊ မကွေးတိုင်း ဒေသကြီးမှ ၂ ဦး ၊ တ နင်္သာရီတိုင်း ဒေသကြီးမှ ၂၆ ဦး၊ ရှမ်း ပြည်နယ်မှ ၃ ဦး၊ မွန်ပြည်နယ်မှ ၂၆ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦးနှင့် ကချင်ပြည်နယ်မှ ၁ ဦးတို့ဖြစ်သည်။ ရေလုပ်သားများတည်း ခိုနေထိုင်မည့် ကြည့်မြင်တိုင်မြို့နယ်ရှိ သာခု ကျောင်းတိုက်သို့ ပို့ဆောင်ခဲ့ပြီး ၎င်းတို့လို အပ်သည်များနှင့် နေရပ်အသီးသီးသို့ ပြန်နိုင် ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

ယင်းမြန်မာရေလုပ်သားများ လုပ်ခလ စာ အပြည့်အဝရရှိရေးအတွက် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးကိုယ်စားလှယ်အဖွဲ့သည် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြန်လည်ခေါ်ယူခဲ့သည့် ရေလုပ်သားများအနက် ရေလုပ်သား ၈၀ ဦး၏ လစာအပေါ် သဘောတူညီချက်ရရှိပြီး ကျန် သော ရေလုပ်သားများ၏ လစာများ ရရှိရေး အတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက် လျက်ရှိကြောင်းသိရသည်။

ပြီးခဲ့သည့် မေလနှင့် ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ လူကုန်ကူးခံရပြီး ရောက်ရှိနေသည့် မြန်မာရေလုပ်သား စုစုပေါင်း ၅၁၄ ဦးကို မြန်မာနိုင်ငံသို့ပြန်လည်ခေါ် ဆောင်ခဲ့ပြီးဖြစ်သည်။ *Credit: Xinhua* □

# လှိုင်သာယာ မြန်မာပုလဲ အထည်ချုပ်မှာ လုပ်သား ၁၀၀၀ နီးပါး ဆန္ဒပြ




ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ စက်မှုဇုန် ၄ မှာရှိတဲ့ မြန်မာပုလဲ အထည်ချုပ်စက်ရုံက အလုပ်သမား ၁၀၀၀ နီးပါးလောက်ဟာ တစ်ရက် လုပ်အားခ ကျပ် ၃၆၀၀ ခံစားခွင့်ရပြီးနောက်မှာ ရှားပါးစရိတ်၊ ထောက်ပံ့ကြေး၊ ရက်မှန်ကြေးတွေကို စက်ရုံက မပေးတော့ဘူးလို့ဆိုတဲ့အတွက် စက်ရုံထဲမှာ အလုပ်မလုပ်ပဲ ဆန္ဒပြ၍တောင်းဆိုနေကြပါတယ်။

အခုလို ရှားပါးစရိတ်တွေအပြင် တခြားခံစားခွင့်တွေကို ဖြုတ်ချလိုက်တဲ့အတွက် လစာနဲ့မလုံလောက်တဲ့ အခြေအနေတွေ ဖြစ်လာနိုင်တာကြောင့် ဆန္ဒပြတောင်းဆိုတာဖြစ်တယ်လို့ ဆန္ဒပြအလုပ်သမား မရီရီဝင်းက ပြောပါတယ်။

'လက်ရှိမှာ အချိန်ပိုကြေးနဲ့ တစ်နေ့လုပ်အားခတွေနဲ့ပဲသွားမှာ အချိန်ပိုကြေး မရှိရင် ဒီလူတွေဟာ ၁ သိန်း ၈ ထောင်နဲ့ အလုပ်လုပ်လို့မရဘူးဆိုတဲ့ပုံစံမျိုး အဲ့လိုပုံစံဖြစ်နေတယ်၊ လက်ရှိမှာ စက်ရုံတွေတော်တော်များများက အချိန်ပိုကြေးတွေ လျှော့ထားပြီလေ၊ တရားဝင်ကိုသူတို့က ကြေညာလိုက်တာ၊ ရှားပါးစရိတ် လေးသောင်းခွဲကို ဖြုတ်ချလိုက်ပြီးရော လက်ရှိမှာကျန်တဲ့ အပိုဆုကြေးတို့၊ ရက်မှန်ကြေးတို့၊ အချိန်ပိုကြေးတို့၊ ၈ နာရီကျော်ရင် မုန့်ဖိုးပေးတာတွေ အကုန်ဖြုတ်ချလိုက်တယ်။

အစိုးရက တစ်ရက်လုပ်အားခ ၃၆၀၀ ဆိုပြီး မသတ်မှတ်ခင်အချိန်က မြန်မာပုလဲ စက်ရုံက အလုပ်သမားတွေဟာ အဲ့ဒီ ခံစားခွင့်တွေအပါအဝင် အလုပ်သမားတစ်ဦးရဲ့ တစ်လဝင်ငွေဟာ အနည်းဆုံး ၁ သိန်း ၃ သောင်းကနေပြီး ၂ သိန်းလောက်အထိ ရရှိတာဖြစ်တယ်လို့ အလုပ်သမားတွေက ပြောပါတယ်။ ဒီလ ၁ ရက်နေ့ကစတင်ပြီး တစ်ရက် လုပ်အားခ ၃၆၀၀ ပေးဖို့ အစိုးရက တရားဝင်သတ်မှတ်လိုက်ကာ အလုပ်သမားတွေရဲ့ တခြားခံစားခွင့်တွေကို စက်ရုံတွင်းမှာ အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ ညှိနှိုင်းပေးရမယ်ဆိုပြီး ထုတ်ပြန်ချက်မှာပါရှိပါတယ်။

ဒါပေမယ့် တစ်ရက်လုပ်အားခ ၃၆၀၀ သတ်မှတ်ပြီးနောက်ပိုင်းမှာ အရင်ကပေးနေတဲ့ ရှားပါးစရိတ်၊ ရက်မှန်ကြေး၊ ခရီးစရိတ်၊ ထောက်ပံ့ကြေးတွေကို မပေးတော့ဘူးဆိုပြီး အလုပ်ရှင်ကပြောခဲ့တယ်လို့ ဆိုပါတယ်။ အဲ့ဒီခံစားခွင့်တွေကို အလုပ်သမားတွေမရတော့ဘူးဆိုရင် အချိန်ပိုလုပ်အားခမပါပဲ တစ်လလုပ်အားခ ၁ သိန်း ၈ ထောင်သာ ရရှိတော့မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက အလုပ်ရှင်နဲ့ အလုပ်သမား ကိုယ်စားလှယ်တွေတွေ့ဆုံပြီး အလုပ်သမားခံစားခွင့်တွေကို ပြန်လည်ခံစားခွင့်ရဖို့ စက်တင်ဘာလ ၁၅ ရက်နေ့မှာ တရားဝင်ကြေညာသွားမယ်လို့ ပြောခဲ့ပေမယ့် အလုပ်သမားတွေကတော့ အလုပ်မလုပ်ပဲ ဆန္ဒပြတာ ၃ ရက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် အလုပ်မလုပ်တဲ့ ရက်တွေအတွက် လုပ်အားခကို အလုပ်ရှင်က မပေးဘူးဆိုပြီး ပြောကြားခဲ့ကာ လာမယ့်တနင်္လာနေ့မှာ လုပ်ငန်းခွင်ကိုပြန်မဝင်ရင် အလုပ်ထုတ်မယ်ဆိုပြီး ပြောထားတာရှိတယ်လို့ သိရပါတယ်။ *Credit: RFA* □

# အနိမ့်ဆုံးလုပ်ခ ကျပ် ၃၆၀၀ အသက်ဝင် သည့်နေ့တွင်ပင် လှိုင်သာယာစက်မှုဇုန်များ၌ အလုပ်လက်မဲ့ လုပ်သားဦးရေ ၅၀၀ ခန့်အထိရှိလာ



ပုဂ္ဂလိကလုပ်သားများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုသတ်မှတ်ပေးလိုက်သည့် အနိမ့်ဆုံးလုပ်ခ ကျပ် ၃၆၀၀ စတင်အကျုံးဝင်သည့် စက်တင်ဘာ ၁ ရက်နေ့မှာပင် လှိုင်သာယာစက်မှုဇုန်များရှိ အလုပ်လက်မဲ့လုပ်သားဦးရေမှာ ၅၀၀ ခန့်အထိရှိလာကြောင်း သိရသည်။

ယင်းအလုပ်လက်မဲ့ဦးရေသည် အဆိုပြုအနိမ့်ဆုံးလုပ်ခထွက်ပေါ်ပြီး နောက်ပိုင်းတွင် လုပ်သားလျှော့ခြင်းများနှင့် လုပ်ငန်းအရှုံးပေါ်သဖြင့်စက်ရုံပိတ်သိမ်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

လက်ရှိအလုပ်လက်မဲ့ဖြစ်နေသည့် လုပ်သား ၅၀၀ ခန့်မှာ ဩဂုတ်လအတွင်း၌ လှိုင်သာယာစက်မှုဇုန် (၄) ရှိ Asia G□ose အထည်ချုပ်စက်ရုံတွင် လုပ်သား ၄၂၀ ဦးရှိသည့်အနက်မှ ၁၉၆ ဦး အလုပ်မှရပ်စဲလျှော့ချခြင်း၊ ဇုန်(၂)ရှိ ရောဝတီဆေးဆိုးပန်းရိုက်စက်ရုံမှ လုပ်သား ၅၉ ဦးရှိ သည့်အနက် ၃၈ ဦး၊ ဇုန်(၄)ရွှေစွမ်းရည်ပီနံအိတ်စက်ရုံမှ လုပ်သား ၈၀ ကျော်လျှော့ချခြင်းတို့နှင့် ဇုန်(၃)ရှိ စံပယ်ပွင့်အထည်ချုပ်စက်ရုံမှ လုပ်ငန်း အရှုံးပေါ်သဖြင့် လုံးဝပိတ်သိမ်းခြင်းတို့ကြောင့် လုပ်သား ၂၃၇ ဦးတို့ ဖြစ်ကြောင်း လှိုင်သာယာမြို့နယ် အလုပ်သမားညွန်ကြားရေး ဦးစီးဌာနစာရင်းများအရ သိရသည်။

'အလုပ်သမားလျှော့တာရော အလုပ်ပိတ်တာရောက ဇူလိုင် ၃ ရက်က ထုတ်ပြန်ထားတဲ့ နစ်နာကြေး အစီအစဉ်အတိုင်း ဖြေရှင်းပေးပါတယ်။ စက်ရုံပိတ်လိုက်တဲ့ စံပယ်ပွင့်စက်ရုံကတော့ ၂၆ ရက်နေ့က ပိတ်လိုက်တယ်။ မနေ့ကတော့ နစ်နာကြေးနဲ့ လျော်ကြေးအားလုံးပေးပြီးသွားပါပြီ။ ကျန်တဲ့ လုပ်သားလျှော့တဲ့စက်ရုံတွေလဲ လုပ်သားနစ်နာကြေး ပေးပြီးပါပြီ။ အာရှနှင်းဆီတစ်ရုံကတော့ လုပ်သားလျှော့တာကို အလုပ်သမားက မကျေနပ်လို့ မြို့နယ်ဖျန်ဖြေရေးက ဒီအလုပ်သမားပြဿနာက ဥပဒေပါအခွင့်အရေးနဲ့ ဥပဒေပါဆုံးဖြတ်ခွင့်ဖြစ်တဲ့အတွက် ဥပဒေလမ်းကြောင်းအတိုင်း ခုံသမာဓိကို လွှဲထားတယ်။ အဲဒီစက်ရုံတွေက ကျပ် ၃၆၀၀ ကြောင့်တော့ မဟုတ်ပါဘူး။ သူတို့ရဲ့စီးပွားရေးအခြေအနေကြောင့်ပါ' ဟု လှိုင်သာယာမြို့နယ် အလုပ်သမားညွှန် ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်နိုင်က ဆိုသည်။

အဆိုပါစက်ရုံများသည်အထည် အမှာစာများ မရရှိခြင်းများကြောင့် ပိတ်သိမ်းခြင်းဖြစ်ကြောင်း၊ လုပ်သား လျှော့သည့်စက်ရုံများနှင့် အလုပ်ပိတ်သည့်စက်ရုံများသည် မြန်မာနိုင်ငံ သားပိုင်စက်ရုံများဖြစ်ကြောင်း၊ အဆိုပါလုပ်သားစာရင်းများသည်လှိုင်သာယာမြို့နယ်အလုပ်သမားဝန်ကြီးဌာနသို့ တရားဝင်အကြောင်းကြားကာ ပိတ်သည့်စာရင်းများဖြစ်ပြီး အဆိုပါ စက်ရုံများမှလွဲ၍ ထပ်မံလုပ်သားလျှော့ရန် စက်တင်ဘာ ၁ ရက်နေ့အထိ တင်ပြလာသည့် စက်ရုံများမရှိသေးကြောင်းလည်း ဦးတင့်နိုင်ကပြောသည်။

ရောဝတီ ပန်းရိုက်စက်ရုံမှ အလျှော့ခံရသည့်လုပ်သား ၃၈ ဦးအတွက် ဩဂုတ် ၃၁ ရက်တွင် လုပ်သားအကျိုးခံစားခွင့် ကျပ်ရှစ်ဆယ့်နှစ် သိန်းတစ်သောင်းကိုးထောင်နှစ်ရာငါးဆယ်(၈၂၁၉၂၅၀)ကျပ်၊ စံပယ်ပွင့် အထည်ချုပ်စက်ရုံမှ လုပ်သား ၂၃၇ ဦးအတွက် ကျပ်နှစ်ထောင့်ငါးဆယ့် ကိုးသိန်းသုံးသောင်းနှစ်ထောင်သုံး ရာ (၂၀၅၉၃၂၃၀၀) တို့ကို ဩဂုတ် လ၃၁ရက်နေ့တွင် အလုပ်သမားနစ်နာကြေးအဖြစ် ပေးအပ်ခဲ့ပြီး ယင်းနစ်နာကြေးအကျိုးခံစားခွင့်များကိုလည်း လုပ်သားလျှော့ခံခဲ့ရသည့် လုပ်သားများက ရရှိခဲ့ကြောင်း လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနစာရင်းများအရ သိရသည်။ လှိုင်သာယာစက်မှုဇုန်၌ စက်မှုဇုန် ၁၃ ဇုန်ရှိပြီး စက်ရုံ၊ အလုပ်ရုံပေါင်း တစ်ထောင်ကျော်ရှိကာ လုပ်သားဦးရေ နှစ်သိန်းခွဲကျော်မှီတင်းလုပ် ကိုင်လျက်ရှိကြောင်း သိရသည်။ *Credit: DemocracyToday* □

# ဖားကန့် မြို့နယ်မှ ရွှေ့ပြောင်း လုပ်သားများ မဲပေးခွင့်ဆုံးနိုင်

ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှာ မြန်မာပြည်အနှံ့က လာရောက်လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းလုပ်သား တစ်သိန်းကျော်လောက်ဟာ လက်ရှိအခြေအနေအရ မဲပေးခွင့် ဆုံးရှုံးရနိုင်ကြောင်း ရွေးကောက်ပွဲ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ပေးနေတဲ့ နိုင်ငံရေးပါတီတွေက ပြောကြပါတယ်။

ဖားကန့်မြို့နယ်မှာ ၂၀၁၄ ခုနှစ် ရွှေ့ပြေးသန်းခေါင်စာရင်းအရ လူဦးရေ သုံးသိန်းကျော်ရှိတဲ့အနက် အခြေခံ မဲစာရင်းမှာ လေးသောင်းနီးပါးသာ မဲပေးပိုင်ခွင့် ရှိနေတဲ့အတွက် အသက် ၁၈ နှစ် ပြည့်ပြီးသူ တစ်သိန်းကျော်လောက်ဟာ မဲပေးခွင့်ဆုံးရှုံးရမယ့် အခြေအနေရောက်နေတယ်လို့ ဖားကန့်မြို့နယ် NLD ပါတီ ဒုတိယဥက္ကဋ္ဌ ဦးတင့်စိုးက ပြောပါတယ်။

'ကျနော်တို့ဖားကန့်မြို့နယ်မှာ အခြေခံမဲစာရင်းအရ မဲပေးပိုင်ခွင့်ရှိတဲ့သူက စုစုပေါင်း ၃၉၀၀၀ ကျော်ရှိတယ်၊ ပုံစံ ၆၆/ ၆ မရှိဘဲနဲ့ မှတ်ပုံတင်ရှိပြီး အိမ်ထောင်စု မရှိတဲ့သူတွေက ၂ သိန်း ၇ ထောင်ဆိုတော့ ပေါင်းတော့ ၃ သိန်းကျော်ပါ၊ အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အရွယ်တွေ၊ အထူးသဖြင့်တော့ ၁၈ နှစ်အထက်ပေ့ါဗျာ၊ အဲ့လိုအရွယ်တွေက အများဆုံး လာရောက်ပြီးစီးပွားရှာကြတဲ့အရွယ်တွေဖြစ်တဲ့အခါကျတော့ တစ်ကယ်တမ်း ၁၈ နှစ်အထက်ကိုတွက်မယ်ဆိုရင် ၁ သိန်းခွဲရဲ့ အထက်မှာရှိနေတယ်၊ ၁ သောင်းကျော်လောက်တော့ ပုံစံ ၃/ ကနဲ့ တင်ပေးနိုင်ခဲ့ပါပြီ'

အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးနိုင်ခွင့်ရှိသူတွေထဲက ရွှေ့ပြောင်းလုပ်သား လူဦးရေ တစ်သောင်းလောက် မဲပေးခွင့် ရနိုင်ရေးအတွက် ပုံစံ ၃ (က) နဲ့ လျှောက်လွှာ တင်ပေးထားတယ်လို့ ဖားကန့်မြို့နယ် NLD ပါတီက ပြောပါတယ်။

လောလောဆယ် ဖားကန့်ကျောက်စိမ်းတွင်းဒေသမှာ မဲပေးနိုင်ခွင့်ရရှိရေးနဲ့ ရွေးကောက်ပွဲ အသိပညာပေးလုပ် ငန်းတွေကို ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတဲ့ နိုင်ငံရေးပါတီတွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ အပါအဝင် လူမှုအဖွဲ့အစည်းတချို့က ဆောင်ရွက်နေပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ဖားကန့်မြို့နယ်အတွင်းမှာ မဲပေးနိုင်ခွင့်ရှိသူ စုစုပေါင်း ၉ သောင်းကျော်ရှိပြီး ဒီတစ်ကြိမ်ရွေးကောက်ပွဲမှာတော့ လေးသောင်းနီးပါးပဲရှိတယ်လို့ သိရပါတယ်။ *Credit: RFA* □

## ခနုဖြူမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ရောင်ခြည်ဦးအလုပ်သမားများ အဖွဲ့မှ ဦးဆောင်ကာ သွားရောက်လှူဒါန်း



ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများဦးဆောင်ပြီး ခနုဖြူဒေသခံများ၊ ကရုဏာရှင်အသင်းနှင့် ရန်ကုန်တက္ကသိုလ်များတွင် တက်ရောက်နေသော ကျောင်းသားအချို့ ပါဝင်သည့်အဖွဲ့သည် ခနုဖြူမြို့ တဖက်ကမ်းရှိ ရေဘေးဒဏ်ခံစားနေရသည့် ရွာစုပေါင်း ၆ ရွာရှိ အိမ်ထောင်စု ၆၀၀ ခန့်အား ပြီးခဲ့သည့် ဩဂုတ်လအတွင်းက သွားရောက်လှူဒါန်းခဲ့ကြသည်။

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယအတွင်းရှိ ကလော့သော့ရွာစုမှစတင်ပြီး နောက်ပိုင်း ရောဝတီတိုင်းအတွင်းရှိ ရွာများ၏ ရေလွှမ်းမိုးခံရမှုအခြေအနေသည် စိုးရိမ်စရာဖြစ်နေပြီး ကယ်ဆယ်ရေးအဖွဲ့များ အရောက်အပေါက်နည်းသည့် ရွာများဖြစ်သည်ဟုလည်း သိရသည်။

ကလော့သော့ရွာခံတဦးက 'ဒီရွာကို ရေစကြီးတည်းက ဆန်သုံးပြည်ပဲ ရောက်ဖူးသေးတယ်'ဟု ပြောဆိုခဲ့သည်။

တချို့ ရေလွှမ်းမိုးခံရသည့် ရွာများဆိုလျှင်လည်း ကယ်ဆယ်ရေးကားများ မိမိတို့ရွာအနီးမှ ဖြတ်သွားသည်ကို တွေ့မြင်ရသော်လည်း မည်သည့်အကူအညီမှ မရရှိခဲ့ကြဟု စံခင်းကျေးရွာသားတဦးက 'ကယ်ဆယ်ရေးအဖွဲ့ကားတွေ တစ်နေ့ ၃ စီး၊ ၄ စီးလောက် ဖြတ်သွားတယ်။ တခါတလေ အဲဒီကားတွေကိုတောင် ဝိုင်းတွန်းကူပေးရသေးတယ်။ ကျမတို့ ရွာက အိမ်စုတွေ ဘာမှမရကြသေးဘူး' ဟု အကူညီမရသည့် ရေဘေးသင့် အိမ်ထောင်စုတခုမှ မိသားစုဝင်တစ်ဦးက ပြောဆိုခဲ့သည်။

ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများဦးဆောင်သည့် ရေဘေး ကယ်ဆယ်ရေးအဖွဲ့သည် အဆိုပါ ကယ်ဆယ်ရေးမရောက်ရှိသည့် ရွာများဖြစ်သော ခနုဖြူမြို့နယ် ပါကွန်ရွာ၊ တယောလှရွာ၊ စစ်ကုန်းရွာနှင့် ရန်ကုန်တိုင်းအတွင်း တိုက်ကြီးမြို့နယ်ရှိ ကလော့သော့ရွာများသို့ သွားရောက်ကူညီလျက်ရှိနေပါသည်။

*YCOWA* □

## ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ စက်ချုပ်သင်တန်း ပြုလုပ်



ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့၏ စက်ချုပ်သင်တန်း အမှတ်စဉ် ၂/၂၀၁၅ ကို ဩဂုတ်လ ၂၁ ရက်နေ့မှ စတင်၍ ရောင်ခြည်ဦးအလုပ်သမားများ ခိုလှုံရာအိမ်တွင် ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း (၁၀) ဦးတက်ရောက်ကြပြီး ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့မှ ဦးကိုမျိုးမှ သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ဦးကိုမျိုးမှ 'ကျတော်တို့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် ထိုင်းနိုင်ငံမှာ စက်ချုပ်ရုံတွေက ပိုပြီးများပါတယ်။ အဲဒါကြောင့် အလုပ်အကိုင်အဆင်ပြေစေဖို့နဲ့ ထိုင်းနိုင်ငံကနေ မိခင်မြန်မာပြည်ကို ပြန်သွားခဲ့ရင်လည်း အတတ်ပညာတခုခု ပါသွားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ရတာလည်း ဖြစ်ပါတယ်။ အခုဆိုရင် ၂၀၁၅ ခုနှစ်အတွင်းမှာ (၂) ကြိမ်ရှိသွားပြီဖြစ်ပြီး နောက်ထပ်ဆက်လက်ဖွင့်လှစ်ဖို့ အစီအစဉ်တွေလည်း ရှိပါသေးတယ်'ဟု ရောင်ခြည်ဦး မီဒီယာသို့ ပြောကြားသွားခဲ့ပါသည်။

စက်ချုပ်သင်တန်း တက်ရောက်နေသော အလုပ်သမားတဦးမှလည်း 'ကျမတို့အနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းပိုများတဲ့ ထိုင်းနိုင်ငံကို လာခဲ့ရပေမယ့် ဒီမှာက ဘာအတတ်ပညာတခုခုမှ မတတ်ရင် ရတဲ့ လုပ်ခလစာကနည်းပါတယ်။ ဒါကြောင့် ရောင်ခြည်ဦးက ဖွင့်တဲ့ သင်တန်းအကြောင်းကို ကျမနေထိုင်တဲ့ ရပ်ကွက်ထဲကတဆင့် သိရပြီး လာရောက်တက်တာဖြစ်ပါတယ်' ဟုလည်း ပြောဆိုခဲ့ပါသည်။

သင်တန်းမှာ အခြေခံစက်ချုပ်နည်း သင်တန်းဖြစ်ပြီး သင်တန်းကာလမှာ (၁) ပတ်တိတိ ကြာမည်ဖြစ်ပါသည်။

*YCOWA* □

## ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့ အခွင့်အရေးသင်တန်း ပြုလုပ်



ရောင် ခြည် ဦး အလုပ်သမားများအဖွဲ့မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ရည်ရွယ်ဖွင့်လှစ်သော အခွင့်အရေးသင်တန်း အမှတ် ၅/၂၀၁၅ ကို စက်တင်ဘာ ၁ ရက်နေ့မှစတင်ကာ ရောင်ခြည်ဦးအလုပ်သမားများရုံးတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းပို့ချချက်များတွင် အလုပ်သမားအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် ကျားမတန်းတူအခွင့်အရေးများပါဝင်သည်။ သင်တန်းနည်းပြတဦးမှ 'ကျတော်တို့ အခုလိုသင်တန်းဖွင့်လှစ်ရတာက မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကြားထဲမှာ တာဝန်နဲ့ အခွင့်အရေးဆိုတာ ခွဲခြားသိမြင်ဖို့ရယ်၊ အခွင့်အရေးနဲ့ ပတ်သက်တာတွေကို သေသေချာချာ သိမြင်ဖို့ရယ်၊ အလုပ်သမားထုကြားထဲမှာလည်း အသိပညာတိုးပွားဖို့ရယ် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်'ဟု ရောင်ခြည်ဦးမီဒီယာသို့ ပြောကြားသွားခဲ့ သည်။

သင်တန်းသို့ မယ်တောင်တိုက် ကျေးရွာမှ ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၁၂ ဦးတက်ရောက်ခဲ့ကြပြီး ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့မှ ဦးမျိုးကို၊ ဦးစိုးမိုးနှင့် ဒေါ်သူဇာကြိုင်တို့မှ သင်တန်းနည်းပြများအ ဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ *YCOWA*

## ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ သုံးကြိမ်မြောက် စက်ချုပ်သင်တန်း ပြုလုပ်



ရောင်ခြည်ဦး အလုပ်သမားများ အဖွဲ့၏ စက်ချုပ်သင်တန်း အမှတ်စဉ် ၃/၂၀၁၅ ကို စက်တင်ဘာလ ၃ ရက်နေ့မှ စတင်၍ ရောင်ခြည်ဦး အလုပ်သမားများ ခိုလှုံရာအိမ်တွင် ဖွင့်လှစ်ခဲ့ပါသည်။

ဦးကိုမျိုးမှ 'အခုတခေါက် သင်တန်းမှာတော့ သင်တန်းသားတွေ ပိုများပြီး အသက်အရွယ်ငယ်တဲ့သူတွေလည်းပါပါတယ်။ စိတ်ဝင်တစားလည်း သင်ကြားကြတာကိုလည်း တွေ့မြင်ရပါတယ်။ ဆက်လက်ပြီးတော့လည်း သင်တန်းဖွင့်သွားဖို့ အစီအစဉ်တွေလည်း ရှိပါသေးတယ်' ဟု ရောင်ခြည်ဦး မီဒီယာသို့ ပြောကြားသွားခဲ့ပါသည်။

အလုပ်သမားတဦးမှလည်း 'ကျနော်က အခုလောလောဆယ်တော့ အလုပ်မရှိသေးဘူး။ ဒါပေမယ့် ဒီစက်ချုပ်သင်တန်းပြီးသွားရင်တော့ သူငယ်ချင်းတွေရှိတဲ့ စက်ချုပ်ရုံတွေမှာ အလုပ်ဝင်သွားဖို့ရှိပါတယ်။ မြန်မာပြည်ပြန်ရောက်ရင်လည်း စက်ချုပ်အလုပ်နဲ့ လုပ်ငန်းထူထောင်ဖို့ရှိပါတယ်' ဟုလည်း ပြောဆိုခဲ့ပါသည်။

သင်တန်းမှာ အခြေခံစက်ချုပ်သင်တန်းဖြစ်ပြီး သင်တန်းကာလမှာ (၇) ရက်တိုင်တိုင် ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း (၁၀) ဦးတက်ရောက်ကြပြီး ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့မှ ဦးကိုမျိုးမှ သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

*YCOWA* □

# ရောင်ခြည်ဦး ပြည်တွင်းပြည်ပသတင်းအနှစ်ချုပ်

***၅ ရက် ဩဂုတ်လ ၂၀၁၅*** ရခိုင်ပြည်နယ်တွင် ဇူလိုင်လနှင့် ဩဂုတ်လဆန်းတွေ မြို့နယ်တော်တော်များ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး လျှပ်စစ်မီးများပြတ်တောက်ခြင်း၊ လမ်းဘေးသစ်ပင်များ ပြိုလဲခြင်း၊ ဖုန်းလိုင်းများ ပြတ်တောက်သွားခဲ့ပြီး ဆုံးရှုံးမှုမှာ သိန်းပေါင်း ၄၇၅၃၄ ကျပ် ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရမှ ထုတ်ပြန်လိုက်သည်။ *Ref: News Watch*

***၅ ရက် ဩဂုတ်လ ၂၀၁၅*** ဆိုးဆိုးရွားရွား၊ ရေနစ်မြုပ်ခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှာ ရေကျသွားပေမယ့် ချင်းတွင်းနဲ့ ဧရာဝတီမြစ်ဆုံရာဒေသရဲ့ အောက်ပိုင်းက ရွာတွေမှာ ရေတွေမြုပ်နေတာကြောင့် စိုးရိမ်ချိန်ရေအမှတ်ထက် ဆက်လက်ရှိနေတုန်းပါပဲဟု မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။ *Ref:: BBC*

***၅ ရက် ဩဂုတ်လ ၂၀၁၅*** မွန်ပြည်နယ် ဘီးလင်းနဲ့ ကျိုက်ထိုမြို့နယ်တွင် ဇူလိုင် ၂၈ရက်မှစပြီး မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းကာ တောင်ကျချောင်းရေစီးဆင်းလာသဖြင့် ရေဘေးသင့်ခဲ့သည့် ဒေသခံ ၆၀၀၀ ကျော်အထိ ယာယီရေဘေး ဒုက္ခသည်စခန်းများတွင် ခိုလှုံနေရဆဲဖြစ်ပြီး၊ ဘီးလင်းမြို့နယ်တွင်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၇ ခုမှ အိမ်ထောင်စု စုစုပေါင်း၁၀၈၆ စု၊ လူဦးရေ ၄၆၀၀ ကျော်တို့သည် ရေဘေးရှောင်စခန်း ၂၆ ခုအပြင် နီးစပ်ရာဆွေမျိုးအိမ်များ၌ ခိုလှုံလျက်ရှိကြောင်း ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။
*Ref: Uniondaily*

***၆ ရက် ဩဂုတ်လ ၂၀၁၅*** မြန်မာနိုင်ငံတွင် မိုးသည်းထန်မှုနှင့် ရေလွှမ်းမိုးမှုဒဏ် ခံရသူအားလုံးအတွက် အမေရိကန်အစိုးရသည် USAID ၏ ပြည်ပကပ်ဘေး ကူညီရေးဌာန (OFDA) မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ ကို လက်တလောအကူအညီအဖြစ် ပေးအပ်ခဲ့တယ်လို့ သိရပါတယ်။ *Ref: News Watch*

***၆ ရက် ဩဂုတ်လ ၂၀၁၅*** မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ရေဘေးအတွက် စားသောက်ကုန်၊ ဆေးဝါးများထောက်ပံ့ရန် လေကြောင်းမှ နိုင်ငံတကာအကူအညီဖြင့် ပထမဆုံး အိန္ဒိယနိုင်ငံမှ မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ကလေးလေဆိပ်သို့ ထောက်ပံ့ရေးလေယာဉ် ၂ စင်း လာရောက်ထောက်ပံ့ခဲ့တယ်လို့ အိန္ဒိယကောင်စစ်ဝန်ချုပ် Dr. Nagendran Nandakumar က ပြောပါတယ်။ *Ref:News Watch*

***၁၂ ရက် ဩဂုတ်လ ၂၀၁၅*** ညောင်တုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြီးမြင့်ခဲ့မှုကြောင့် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းအထိ အိမ်ခြေပေါင်း ၁၀၆၆၂၊ လူဦးရေ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၄၆၇၀၃ ဦး ရေဘေးသင့်ခံခဲ့ကြရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၄၉ ဒသမ ၆၀ ခန့်ရှိကြောင်း သက်ဆိုင်ရာ မှခန့်မှန်းထားကြောင်း သိရသည်။ *Ref: Myanmaralinn*

***၁၄ ရက် ၈ ဩဂုတ်လ ၂၀၁၅*** ထိုင်းအစိုးရရဲ့ ချမှတ်ခဲ့တဲ့ ဒေသတွင်းလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများမှ လူပေါင်း ၂၆ ဦးကိုလည်း ဖမ်းဝရန်းထုတ်ပြန်ခဲ့ပြီးနောက် ၁၂ ဦးကိုလည်း ဖမ်းဆီးထားပြီးဖြစ်ကြောင်းနဲ့ လူကုန်ကူးမှုနဲ့ဆက်နွယ်နေတဲ့ ငွေကြေးခဝါချမှုတွေမှာ လူ ၁၀ ဦးကိုလည်း ထိန်းသိမ်းထားပြီး ရေအတွက်အားဖြင့် ၁၄၅ ဦး ဖမ်းမိထားတယ်လို့ ထိုင်းဗိုလ်မှူးချုပ် Paween Pongsirin က ပြောကြားခဲ့ပါတယ်။ *Ref: Radio Australia*

***၁၉ ရက် ဩဂုတ်လ ၂၀၁၅*** ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နှစ်ရက်ဆက်တိုက် ဗုံးပေါက်ကွဲမှုတွေ ဖြစ်ပွားခဲ့တဲ့အတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ လုံခြုံရေး အထူးသတိပြုရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံမှူးကြီးက ကြေညာချက်တစောင် ထုတ်ပြန်လိုက်တယ်လို့ သိရပါတယ်။ *Ref: VOA*

***၁၉ ရက် ဩဂုတ်လ ၂၀၁၅*** ဩဂုတ်လ (၂) ရက်နေ့ လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာတွင် အသက်(၁၃)နှစ်အရွယ် ကျောင်းသူတစ်ဦးကို ကျောက်ထုတ်ကုမ္ပဏီမှ အလုပ်သမားတစ်ဦးက အတင်းအဓမ္မပြုကျင့်ခဲ့ခြင်းကြောင့် ကုမ္ပဏီဖက်က ကျေးရွာရံပုံငွေအတွက်ဟုဆိုကာ နှစ်နာကြေး သိန်း ၄၀ ကို ပေးလိုက်တယ်လို့ သိရပါတယ်။ *Ref: Ktimes*

***၂၀ ရက် ဩဂုတ်လ ၂၀၁၅*** လက်ပံတန်း ကျောင်းသားသပိတ် ဖြိုခွဲခံခဲ့ရတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး နိုင်ငံလုံးဆိုင်ရာပညာရေး ပြုပြင်ပြောင်းလဲရေး ကွန်ရက်က ဒေါက်တာညိုညိုသင်းကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်ရေးကော်မရှင်က တွေ့ဆုံမေးမြန်းခဲ့ပြီး ကျောင်းသားသပိတ်ဖြိုခွဲခံရစဉ်က မျက်မြင်သက်သေနှစ်ဦးကိုလည်း ကော်မရှင်အနေနဲ့ ခေါ်ယူမေးမြန်းဖို့ ဒေါ်ညိုညိုသင်း တင်ပြခဲ့တာကို လက်ခံခဲ့တယ်လို့ သိရပါတယ်။ *Ref::RFA*

***၂၀ ရက် ဩဂုတ်လ ၂၀၁၅*** ရေကြီးမှုကြောင့် ပျက်စီးသွားသော လယ်မြေများ၌ စပါးပြန်လည်စိုက်ပျိုးနိုင်ရန် အစိုးရမှ မျိုးစပါးများထုတ်ပေးနေရာ စိုက်ပျိုးမြေတစ်ဧကအတွက် တစ်ပြည်နှုန်းဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက ထုတ်ပေးလျက်ရှိသော်လည်း လောက်ငှမှု မရှိခြင်းများဖြင့် ကြုံတွေ့နေရတယ်လို့ ပေါက်တောမြို့နယ်ကန်ချောင်း ကျေးရွာမှ လယ်သမား ဦးထွန်းယဉ်ကပြောပါတယ်။ *Ref: Narinjara*

***၂၁ ရက် ဩဂုတ်လ ၂၀၁၅*** လူကုန်ကူးခံရတဲ့ မြန်မာပြည်သား (၆၀) ကျော်ကို ဘန်ကောက်မြို့အနီး မဟာချိုင်အရပ်မှာ ဇူလိုင်လက ကယ်ဆယ်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံမှာ လူကုန်ကူးမှုနဲ့ ဖမ်းဆီးထားသူ (၁၀၀) ကျော်ရှိကြောင်း ဩဂုတ်လ (၁၄) ရက်နေ့ထုတ် AFP သတင်းအရ သိရှိရပါတယ်။ *Ref: VOA*

***၂၁ ရက် ဩဂုတ် ၂၀၁၅*** စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ သေနတ်မှန်ပြီး သေဆုံးခဲ့တဲ့ တောင်သူ ဒေါ်ခင်ဝင်းအမှုကို ဖော်ထုတ်ပေးဖို့ ဆန္ဒပြခဲ့ကြသူ ကိုနေမျိုးဇင်၊ ဒေါ်နော်အုန်းလှ၊ ဦးဘမြင့်၊ နဲ့ဦးသန်းဆွေတို့ကို အလုံမြို့နယ်တရားရုံးက ပုဒ်မ ၁၈ နဲ့ ထောင်ဒဏ် ၄ လစီ ချမှတ်လိုက်တယ်လို့ သိရပါတယ်။ *Ref: RFA*

***၂၃ ရက် ဩဂုတ်လ ၂၀၁၅*** ထိုင်းနဲ့ မလေးရှားနယ်စပ်နား သစ်တောထူထပ်တဲ့ နေရာတခုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရွှေ့ပြောင်းဒုက္ခသည်တွေနဲ့ မြန်မာနိုင်ငံကနေ ထွက်ပြေးလာကြတဲ့ ရိုဟင်ဂျာ မွတ်ဆလင်တွေကို လူမှောင်ခိုတွေ ခေါ်လာလေ့ရှိတဲ့နေရာမှ လလူသေအလောင်း မြုပ်ထားတဲ့ ကျင်းတွေ ထပ်မံ တွေ့ရှိခဲ့တယ်လို့ မလေးရှားရဲတွေက ပြောပါတယ်။ *Ref: BBC*

***၂၃ ရက် ဩဂုတ်လ ၂၀၁၅*** မေလတုန်းကတော့ ရုပ်အလောင်းတွေ မြှုပ်နှံထားတဲ့ ၁၃၉ နေရာကို မလေးရှားနိုင်ငံမြောက်ပိုင်း Perlis ဒေသအတွင်းက စွန့်ပစ်ထားတဲ့ တောတွင်းစခန်းတွေမှာ ရှာတွေ့ခဲ့တယ်လို့ အာဏာပိုင်တွေက ပြောပါ တယ်။ *Ref:VOA*

***၂၃ ရက် ဩဂုတ်လ ၂၀၁၅*** ကချင်ပြည်နယ် ဆွမ်ဘရာဘွမ်မြို့နယ်တွင်း အစိုးရတပ်နဲ့ ကေအိုင်အိုအကြား ဖြစ်ပေါ်ခဲ့တဲ့ တိုက်ပွဲတွေကြောင့် ဒေသတွင်းကျေးရွာတွေကနေ ထွက်ပြေးခဲ့ကြရတဲ့ ထောင်နဲ့ ချီတဲ့ စစ်ဘေးရှောင်ဒုက္ခသည်တွေအတွက် ဆေးဝါးနဲ့ စားနပ်ရိက္ခာအပါအဝင် တခြားထောက်ပံ့ရေးပစ္စည်းတွေ အရေးတကြီး လိုအပ်နေတယ်လို့ ကချင်ငြိမ်းချမ်းရေး ကွန်ရက်က ဒေါ်ခွန်ဂျာက ပြောပါတယ်။ *Ref:BBC*

***၂၄ ရက် ဩဂုတ်လ ၂၀၁၅*** စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှာ မိုးရွာသွန်းနေတာကြောင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်လာနိုင်တာမို့ မြစ်ကမ်းအနီးနေထိုင်ကြသူတွေ ပြောင်းရွှေ့ကြဖို့အတွက် ခန္တီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းစိုးက သတိပေးနှိုးဆော်ထားပါတယ်။ *Ref: RFA*

***၂၄ ရက် ဩဂုတ်လ ၂၀၁၅*** ရေဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ မြန်မာနိုင်ငံတဝှမ်းက တချို့ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ ပြည်ထောင်စု သီးသန့်ရံပုံငွေထဲက ကျပ်သန်းပေါင်း ၂၄ ဘီလီယံကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုခဲ့တယ်လို့ သိရပါတယ်။ *Ref: BBC*

***၂၄ ရက် ဩဂုတ်လ ၂၀၁၅*** အီတလီ ကမ်းရိုးတန်းနားမှာ လှေအစီး ၂၀ လောက်က အကူအညီတောင်းချက်တွေကို တုံ့ပြန်ခဲ့ပြီးတဲ့နောက် လစ်ဗျားနိုင်ငံကမ်းရိုးတန်းကနေ ထွက်ပြေးလာတဲ့ ရွှေ့ပြောင်းဒုက္ခသည် ၃, ၀၀၀ လောက်ကို အီတလီရေတပ်က ကယ်တင်ခဲ့ရတယ်လို့ ကမ်းရိုးတန်းစောင့်တပ်က ပြောဆိုလိုက်ပါတယ်။ *Ref: VOA*

***၂၅ ရက် ဩဂုတ်လ ၂၀၁၅*** ဥရောပတိုက်ထဲကို လူတွေ ပြောင်းရွှေ့ဝင်ရောက်နေမှု ပြဿနာကို ကိုင်တွယ်ရာမှာ ကျန်ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေအားလုံးကလည်း အတူလက်တွဲ လုပ်ဆောင်ဖို့ ပြင်သစ်နဲ့ ဂျာမနီ ၂ နိုင်ငံခေါင်းဆောင်တွေက တိုက်တွန်းလိုက်ပါတယ်။ *Ref: BBC*

***၂၆ ရက် ဩဂုတ်လ ၂၀၁၅*** လိပ်ကျွန်းလို့ ခေါ်တဲ့ ထိုင်းနိုင်ငံ ကော့တောင်ကျွန်းမှာ ဗြိတိသျှစုံတွဲကို သတ်ဖြတ်မှုနဲ့ အသက် ၂၂ နှစ်အရွယ် ဝေဖြိုးနဲ့ ဇော်လင်းတို့ကို တရားစွဲဆိုမှုနဲ့ ပတ်သက်ပြီး ဗြိတိသျှရဲမှတ်တမ်းတွေကို တရားခံတွေဘက်က ကြည့်ရှုခွင့် မပေးဖို့ ဗြိတိသျှတရားရုံးက ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ *Ref:: Radio Australia*

***၂၈ ရက် ဩဂုတ်လ ၂၀၁၅*** ရခိုင်ပြည်နယ်မှ ရေကြီးခဲ့သော နေရာအချို့တွင် စပါးစိုက်ပျိုးနေသော လယ်မြေများအပေါ် ရခိုင်အခေါ်ကြွမ်းဆို၊ (မြန်မာအခေါ် ဒိုက်သရောများ၊ အမှိုက်သရိုက်ဆိုးများ) ဖုံးလွှမ်းသွားသဖြင့် စပါးစိုက်ပျိုးရန် လယ်မြေမရှိတော့၍ မျိုးစပါးများကို ဖြန့်ဖြူးသော်လည်း လက်မခံကြတော့ဟု ကိုခိုင်ထူးက ပြောသည်။ *Ref:: Narinjara*

***၂၈ ရက် ဩဂုတ်လ ၂၀၁၅*** ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီ ဥက္ကဋ္ဌများအပါအဝင် အစည်းအဝေး ထပ်မံကျင်းပ၍ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးကို ညှိနှိုင်းဆွေးနွေးပြီး သဘောတူ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဇာနည်သွေးက ပြောပါတယ်။
*Ref: Street View*

***၂၈ ရက် ဩဂုတ်လ ၂၀၁၅*** ငဝန်မြစ်ရေဟာ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့အတွက် သတ်မှတ်ထားတဲ့ စိုးရိမ်ရေမှတ်ကို နီးကပ်လာပြီဖြစ်တာကြောင့် မြစ်ကမ်းတလျှောက်နဲ့ မြေနိမ့်ပိုင်းမှာ နေထိုင်သူတွေ သတိထားကြဖို့ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတိပေးလိုက်ပါတယ်။
*Ref::VOA*

***၂၉ ရက် ဩဂုတ်လ ၂၀၁၅*** အခုနှစ် ပထမ ၆ လအတွင်း လူမှောင်ခိုကူးသူတွေက ရိုဟင်ဂျာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၃၁,၀၀၀ ခန့်ကို ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သယ်ခဲ့တယ်လို့ UNHCR ပြောခွင့်ရ Melissa Fleming ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအသစ်မှာ ဖော်ပြထားပြီး၊ ဒါဟာ မနှစ်အဲဒီအချိန်ကထက်စာရင် ထွက်ပြေးလာတဲ့ ဒုက္ခသည်အရေအတွက် ၃၄% တိုးလာတာဖြစ်ပြီး ၂၀၁၄ ခုနှစ်ကစလို့ အန္တရာယ်များလှတဲ့ ရေကြောင်းခရီးကို ဖြတ်ကျော် ထွက်ပြေးလာသူ ခန့်မှန်းခြေ ၉၄,၀၀၀ လောက်ရှိသွားပြီး လှေစီးပြေး ဒုက္ခသည်တွေအရေးအရေးပေါ်ဆောင်ရွက်ကြဖို့ UNHCR ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဩဂုတ်လ ၂၈ ရက်နေ့ ရက်စွဲနဲ့ ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။ *Ref:: VOA*

***၃၀ ရက် ဩဂုတ်လ ၂၀၁၅*** ပြည်ပနိုင်ငံများသို့ တရားဝင် သွားရောက်အလုပ်လုပ်ရန်အတွက် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ခွင့်ပြုလက်မှတ် လာရောက်လျှောက်ထားသူ အရေအတွက်မှာ ထိုင်းနိုင်ငံသို့ ၄၄,၃၅၅ ဦး၊ မလေးရှား နိုင်ငံသို့ ၂၇,၀၀၈ ဦး၊ ဂျပန်နိုင်ငံသို့ ၂,၃၃၂ ဦး၊ စင်ကာပူသို့ ၅၉၁ ဦး၊ မကာအိုနိုင်ငံသို့ ၁၅ ဦး၊ ယူအေအီးသို့ ၃၂၀ ဦး ရှိကြောင်း မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ စာရင်းထုတ်ပြန်ချက်အရ သိရသည်။ *Ref: Xinhua*

***၃၁ ရက် ဩဂုတ်လ ၂၀၁၅*** ချင်းပြည်နယ် တွန်းဇံမြို့နယ်က ဟားခါးလေးကျေးရွာအပါအဝင် ရွာ ၅ ရွာဟာ နုန်းမြေတွေ နစ်မြုပ်နေတာအပြင် မြေကွဲအက်နေတာကြောင့် လူနေထိုင်ဖို့ မသင့်တော်တဲ့အတွက် ပြောင်းရွှေ့ဖို့ စီစဉ်ထားတယ်လို့ ချင်းပြည်နယ် အစိုးရအဖွဲ့က ပြောပါတယ်။ *Ref: RFA*

***၃၁ ရက် ဩဂုတ်လ ၂၀၁၅*** ထိုင်းနိုင်ငံမှာ ဖူးခက်၊ ကသူဒေသမှာ မြန်မာမိန်းခလေးငယ်တဦးကို သူ၏ အရင်းနှီးဆုံးသူငယ်ချင်း အလုပ်ပြုတ်အောင် ပြုလုပ်သဖြင့် အက်ဆစ်နှင့်ပက်လိုက်ရာ ဘယ်ဘယ်မျက်လုံးကန်းသွားပြီး မျက်နှာနှင့်ကိုယ်ပေါ်မှာ ပြင်းထန်စွာဒဏ်ရာရသွားကြောင်း သိရပါသည်။ *Ref: The Ladies News Journal*

□

# ခေတ်မီသူတိုင်း အလှူခံထွက်ကြသည်

**ကိုခက်**



ယနေ့ မြန်မာနိုင်ငံတဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသောကြောင့် သဘာဝဘေးအန္တရာယ်ခံရသူများအား ကူညီနိုင်ရန် နေရာအနှံ့အပြားတွင် လူတန်းစားအလွှာမျိုးစုံမှ အလှူခံထွက်ကြသည်။ အိမ်တိုင်ရာရောက် အလှူခံသူများရှိသကဲ့သို့ ယာဉ်ကြောကျပ်တည်းသည့် မီးပွိုင့်များ လူစည်ကားသည့်လမ်းများတွင် အလှူခံပုဂ္ဂိုလ်အသွေးအရောင်စုံအား တွေ့မြင်နေရသည်။

နိုင်ငံအတွင်း ရေကြီးရေလျှံဖြစ်ပြီး သဘာဝဘေးအန္တရာယ်ခံစားနေရသော နေရာများအားကြည့်လျှင်လည်း တိုင်းနှင့်ပြည်နယ် ၁၄ ခုအနက် ၁၁ ခုသည် သဘာဝဘေးအန္တရာယ် ဆိုးရွားစွာခံစားနေရသည်။ စိုက်ပျိုး မြေကေပေါင်း ၁ သန်းခန့် ပျက်စီးဆုံးရှုံးပြီး လူပေါင်း ၂ သိန်းကျော် အစားအစာနဲ့ အထောက်အပံ့ လိုအပ်နေ တယ်လို့လည်း သိရသည်။ ဒီတော့ ရေဘေးသင့်ပြည်သူတွေကို ကူညီဖို့ ပြည်သူများကလည်း တတ်နိုင်တဲ့ဘက်က ကြိုးပမ်းကြရပါတော့သည်။

မိမိနေအိမ်မှ အလုပ်သွားဖို့ ဘတ်စ်ကားဂိတ်ကိုသွားရင် ပထမဆုံးတွေ့ရသည်က ရေဘေးကူညီရေး အလှူခံများ ဖြစ်သည်။ ကြွပ်ကြွပ်အိတ်များပေါ်တွင် ရေဘေးသင့်ပြည်သူများအတွက်ကူညီရန် ဘာအဖွဲ့ ညာအဖွဲ့ စသဖြင့် တံဆိပ်ကပ်ကာ အလှူခံကြသလို ဂျပ်စက္ကူဘူး၊ ငွေဖလား စသဖြင့် ပုံစံမျိုးစုံလှသည်။

ယင်းမြင်ကွင်းအားကြည့်ရင် ပြည်သူအများ ဘေးဒုက္ခရောက်နေသည်ကို ဒုက္ခမရောက်သူများက တဖက်တလမ်းမှ ကူညီနေ၍ ပီတိဖြစ်မိသကဲ့သို့ တတ်စွမ်းသမျှ လှူဒါန်းမိသလို လှူဒါန်းနေသူအများအပြားကိုလည်း တွေ့မြင်နေရသည်။

> **ရိုးဖြောင့်သည့် အလှူခံပုဂ္ဂိုလ်အဖွဲ့ အစည်း အများအပြား ရှိသကဲ့သို့ မရိုးဖြောင့်သော အလှူခံသမားပါဝင်လာမှုအတွက် အဖြေရှာရန်ကား ယနေ့အချိန်တွင် မဖြစ်နိုင်ပေ၊ ရိုးဖြောင့်မှန်ကန်ခြင်းအား သက်သေခံပေးရန်အတွက် မည်သူက သက်သေခံပေးမည်နည်း၊**

မြန်မာနိုင်ငံသည် အခြားနေရာများ၌ ထိပ်တန်းရောက်မရောက် မသိသော်လည်း သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု အနည်းဆုံးနိုင်ငံများတွင် အဆင့် ၅ အတွင်းရှိသကဲ့သို့ ပရဟိတစိတ်နှင့် တားချင်းလှူဒါန်းမှု အရက်ရောဆုံးတွင်လည်း ထိပ်ဆုံးတွင်ရှိနေသည်ဟု သိရသည်။ ယင်းကြောင့် အလှူခံသူတွေ မည်မျှပင် များပြားနေပါစေ ရေဘေးအတွက် ကူညီချင်သူများသောကြောင့် အလှူငွေများစွာ ရရှိကြသည်။

လှူဒါန်းသူများမှလည်း ရေဘေးသတင်းများအား ကြားသိမြင်တွေ့နေရပြီး တတ်နိုင်သမျှ ထည့်ဝင်လှူဒါန်းကြ သည်။ ခက်သည်က မြန်မာနိုင်ငံတွင် ယခုကဲ့သို့ သဘာဝဘေးကျရောက်မှ အလှူခံ ရှိသည်မဟုတ်။ လွန်ခဲ့သည့် လအနည်းငယ်က စံတော်ချိန်သတင်းစာတွင် ပါဝင်ခဲ့သည့် ဒလဘက်တွင် ဓမ္မာရုံပြုပြင်ရန်ဟုဆိုကာ မပျက်စီးသည့် ဓမ္မာရုံကိုအကြောင်းပြုပြီး လိမ်လည်၍ အလှူခံသူများအား ဖော်ထုတ်ခဲ့သည်ကို သတိရမိသည်။ ယခု ရေဘေးတွင်မူ လှူဒါန်းသူများမှ မိမိထည့်ဝင်လှူဒါန်းသည့် အလှူဒါနအား ရေဘေးသင့်ပြည်သူများရရှိပြီဟုသာ လူတိုင်းသတ်မှတ်၍ လှူဒါန်းကြသည်သာများသည်။

အမှန်တကယ် ဒုက္ခရောက်၍ အမှန်တကယ်ကူညီသည့် အလှူခံပုဂ္ဂိုလ် အဖွဲ့အစည်း များစွာရှိသော်လည်း ယနေ့ အချိန်အခါကဲ့သို့ အလွယ်တကူအလှူခံ၍ရသည့်အချိန်၌ တလွဲအသုံးချမည့် အလှူခံမည်မျှရှိမည်ကို မည်သူမျှ မသိနိုင်ပေ။ 'ကျနော့်အထင် အလှူခံမှုမဟုတ်ဘူး ဘယ်နေရာမှာမဆို အုတ်အရောရော ကျောက်အရောရော ရှိနိုင်တာပဲ။ ကျနော်တို့လို လှူဒါန်းသူဆိုတာကတော့ မရိုးသားတဲ့ အလှူခံတဲ့သူနဲ့ တွေ့ရင်တောင် တကယ် လိုအပ်တဲ့လူဆီကို ငါးဆယ်ရာခိုင်နှုန်းတော့ရောက်မှာပါပဲ။ ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာ ကုသိုလ်စိတ်ပဲထားလိုက်တယ်'ဟု သတင်းမီဒီယာသမားတဦးမှ ပြောသည်။

ယင်းနှင့်ပတ်သက်၍ နာရေးကူညီမှုအသင်း ဒုဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်မှ 'အလှူခံကောက်နေတဲ့ ပရဟိတလုပ်နေတဲ့လူငယ်တွေ ဘယ်အဖွဲ့အစည်းကိုမှ မပြောပါဘူး။ စနစ်လေးတခုရှိစေချင်တယ်။ အဓိကကတော့ စေတနာပဲ။ ကိုယ့်ရဲ့ အကုသိုလ်၊ ကုသိုလ်က ကိုယ့်ဆီပဲရောက်မှာပါ။ စေတနာသန့်ဖို့လိုတယ်။ အဓိကကတော့ ဘယ်သူမှ မသိလည်း ကိုယ့်ကိုယ်ကိုယ် သိတယ်လေ'ဟု ပြောကြားခဲ့သည်။

ရိုးဖြောင့်သည့် အလှူခံပုဂ္ဂိုလ်အဖွဲ့ အစည်း အများအပြားရှိသကဲ့သို့ မရိုးဖြောင့်သော အလှူခံသမားပါဝင်လာမှုအတွက် အဖြေရှာရန်ကား ယနေ့အချိန်တွင် မဖြစ်နိုင်ပေ။ ရိုးဖြောင့်မှန်ကန်ခြင်းအား သက်သေခံပေးရန်အတွက် မည်သူက သက်သေခံပေးမည်နည်း။ 'သက်ဆိုင်ရာ ကိုယ်တိုင်က ဆီးသီးဗန်းမှောက်တဲ့ကိစ္စတွေများ နေတော့။ ဒီအချိန်မျိုးမှာ မရိုးသားတဲ့အလှူခံသူကို မပြောချင်ပါဘူး။ ဒီလို မရိုးသားသူဆိုတာ ရှိမယ်လို့ သိပေ မယ့် သဒ္ဓါစိတ်ကိုသာ အခြေခံပြီး လှူဒါန်းခဲ့ကြရပါတယ်'ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ယနေ့ ရေဘေးဒုက္ခခံစားနေရသော ပြည်သူများအတွက် ငွေကြေးမှစ၍ တတ်နိုင်သည့်ဘက်မှ လှူဒါန်းမှုပြုသူများရော လုပ်အားဒါနပေးသူများပါ အားလုံးပြည်သူများ၏ အခက်အခဲအား ပြည်သူများဘက်မှ တတ်နိုင်သလောက် ဖြေရှင်းကူညီနေမှုအား အထူးပင်လေးစားကာ ကျေးဇူးတင်မိပါသည်။ ယနေ့အချိန်အခါတွင် ရေဘေးသင့်ပြည်သူများအတွက် စာနာတတ်သူတိုင်း အလှူခံထွက်သကဲ့သို့ စာနာသူတိုင်းလည်း အလှူငွေတတ်စွမ်းသမျှအပြင် သင့်တော်ရာပစ္စည်းများ လှူဒါန်းကြပါသည်။ ယင်းသို့ လှူဒါန်းမှုအတွက် သာဓုအကြိမ်ကြိမ် ခေါ်မိသကဲ့သို့ မရိုးဖြောင့်သည့် အလှူခံများအားလည်း မလှူမိပါစေနှင့်ဟု ဆုတောင်းရင်း။ □











# မြန်မာတို့စေတနာ

မျိုးဆက်ငယ်

## ရေဘေးသင့် ခရီး

ပြီးခဲ့တဲ့ ဇွန်လလယ်ထဲကနေ မိုးကြီးတာကြောင့် တိုင်းနဲ့ပြည်နယ် ၁၂ ခုလောက် ရေလွှမ်းမိုးမှု ဒဏ်ကို ခံခဲ့ကြရပါတယ်။ တချို့ဒေသတွေဆိုရင် အိမ်ခေါင်မိုးထိ ရေနစ်မြုပ်တာတွေကြောင့် ဒုက္ခရောက်နေကြရတဲ့ ဒေသတွေကို ပရဟိတအဖွဲ့တွေက သွားရောက်ကူညီဖို့ လာရောက်ကြတာလည်းဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် အစိုးရရဲ့ ထောက်ပံ့မှုဟာလည်း လုံလောက်မှု မရှိခဲ့ပါဘူး။

ထိုင်းနိုင်ငံအခြေစိုက် ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့က အဖွဲ့ဝင်တချို့နဲ့ ဒေသခံတချို့ဟာ သွားရောက်လှူဒါန်းကြဖို့ အတွက် ထိုင်းနိုင်ငံ မဲဆောက်မြို့ကနေ ခနောင်ဖြူမြို့ကို ဩဂုတ်လ ၁၅ ရက်နေ့က ခရီးထွက်ခဲ့ကြပါတယ်။ ရန်ကုန်မြို့ကို မရောက်ခင် လမ်းမှာလည်း အာဏာပိုင်အချို့ရဲ့ မလိုအပ်ပဲ စစ်ဆေးမေးမြန်းခြင်းကို ခံရပြန်ပါတယ်။

ရောဝတီတိုင်း ညောင်တုန်းမြို့နယ်ထဲ ဝင်တော့ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်တွေ၊ ကုန်ခြောက်တွေ၊ ဆေးဝါးပစ္စည်းတွေ တင်ဆောင်လာတဲ့ ကားကြီး၊ ကားငယ်တွေဟာ လမ်းမတွေပေါ်မှာ ပြည့်ကျပ်နေပါတယ်။ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရောက်တော့ လက်ဖက်ရည်သောက်ရင်း ခဏနားကြမယ်ဆိုပြီး ကားပေါ်က ဆင်းလိုက်ကြပြန်တော့လည်း လက်ဖက်ရည်ဆိုင်တိုင်းမှာ ရေဘေးအတွက် သွားရောက်ကူညီလှူဒါန်းကြမယ့် ပရဟိတအဖွဲ့တွေကို တွေ့ရပါတယ်။ ထိုင်ခုံလွတ်တောင် မရှိပါဘူး။

ထူးခြားချက်တခုကတော့ အလှူရှင်တွေဟာ ညောင်တုန်းမြို့နယ်ထဲမှာပဲ လှူဒါန်းကြတာ တွေ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကိုကျော်ပြီး ခနောင်ဖြူမြို့ကိုသွားရာ လမ်းတလျှောက်မှာတော့ လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေ နည်းပါးသွားတာ တွေ့ရပါတယ်။

ခနောင်ဖြူမြို့ကို ဩဂုတ်လ ၁၆ ရက်နေ့က ရောက်တော့ ကျနော်တို့နဲ့အတူ သယ်ယူလာတဲ့ ဆန်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်ထုပ်၊ မုန့်၊ နို့ဗူးတွေကို ဈေးထဲမှာရှိတဲ့ ဓမ္မာရုံမှာ ပစ္စည်းတွေကို ချလိုက်ပါတယ်။ ခနောင်ဖြူမြို့ခံလူထုရဲ့ လုပ်အားပေးစေတနာကတော့ အတုယူစရာကောင်း လှပါတယ်။ အိမ်ထောင်စုခြောက်ရာအတွက် ပစ္စည်းတွေခွဲကြတော့ တအိမ်ထောင်ကို ဆန် ၅ ပြည်၊ အဝတ်အထည်၊ မားမားခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ မုန့်၊ ငပိဗူးတွေ ရရှိကြပါတယ်။ ခနောင်ဖြူ မြို့သူ၊ မြို့သားတွေ၊ မြို့မိမြို့ဖတွေဟာ အိမ်ထောင်စု ခြောက်ရာအတွက် တရက်တည်း အပြီးသတ်လုပ်ဆောင်ကြတာဟာ ညီညွတ်မှုတခုကို ပြသလိုက်သလိုပါပဲ။ လာရောက်ကူညီလုပ်ကိုင်ပေးနေကြသူတွေထဲမှာလည်း ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်က ကျောင်းသားလေးတွေလည်း ပါဝင်ပါတယ်။ ကျူတိုရီရယ်ရှိနေတာတောင် လာရောက်ဝိုင်းဝန်းလုပ်ဆောင်ပေးနေကြ ပထမနှစ်ကျောင်းသားလေးတွေရဲ့ စေတနာကလည်း အားရစရာပါပဲ။

ခနောင်ဖြူမြို့နယ်မှာ တညအိပ်ပြီး နောက်တနေ့မှာတော့ ဓမ္မာရုံမှာ ထုပ်ပိုးထားတဲ့ ပစ္စည်းတွေကို ဆယ်ဘီးကားနှစ်စီးပေါ်တင်ပြီး စက်လှေဆိပ်ကို ပို့ရပါတယ်။ စက်လှေဆိပ်ရောက်တော့ စက်လှေဆိပ်မှာရှိတဲ့ အလုပ်သမားတွေက ထုပ်ပိုးထားတဲ့ပစ္စည်းတွေကို စက်လှေပေါ်တင်ပြီး လုပ်အားနဲ့ ဒါနပြုကြပါတယ်။

ရောဝတီမြစ်ကို နာရီဝက်ကျော်ကြာဖြတ်သန်းပြီး တဖက်ကမ်းက စံခင်းကျေးရွာကို ရောက်ရှိပါတယ်။ပစ္စည်းတွေက များတော့ စက်လှေနဲ့ နှစ်သုတ်ခွဲပို့ရပါတယ်။ ပထမအသုတ်မှာတော့ ကျနော်တို့ထဲက လူတချို့နဲ့ ဒေသခံတချို့က ကြိုတင်စီစဉ်စရာ ရှိတာကို စီစဉ်လို့ရအောင် လိုက်ပါသွားကြပါတယ်။ ဒုတိယအသုတ်မှာတော့ ကျန်နေခဲ့တဲ့ ကျနော်တို့နဲ့ ဒေသခံတွေ လိုက်ပါခဲ့ကြတယ်။

စံခင်းကျေးရွာကိုရောက်တော့ စက်လှေပေါ်က ပါလာတဲ့ ပစ္စည်းတွေကို ထော်လာဂျီပေါ် ထပ်တင်ရပြန်ပါတယ်။ လမ်းကလည်း ကားပေါ်ထိုင်လိုက်တဲ့ ကျနော်တို့အဖွဲ့တွေလည်း ပြုတ်မကျအောင် သံဘောင်တွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရတယ်။ ပထန်ကျေးရွာကို ဖြတ်သန်းပြီးတော့မှ စစ်ကုန်းကျေးရွာကို ရောက်ရှိလာပါတယ်။

စစ်ကုန်းကျေးရွာကို ရောက်တော့မှ ရေနစ်မြုပ်နေတဲ့ အိမ်တွေကို စတွေ့ရပါတော့တယ်။ ဧက ထောင်ပေါင်းများစွာရှိတဲ့ လယ်ကွင်းတွေလည်း ရေနစ်မြုပ်နေကြပါတယ်။

စစ်ကုန်းကျေးရွာထဲ ဝင်တော့ ကျနော်တို့အဖွဲ့လည်း ရေနစ်မြုပ်ခြင်း မရှိတဲ့ ရွာလည်လမ်းမအတိုင်း လမ်းလျှောက်လာကြတယ်။ လမ်းဘေးဝဲယာမှာ ရေနစ်မြုပ်နေတဲ့ အိမ်တွေထဲက အိမ်တအိမ်ကို ဝင်မေးကြည့်တယ်။

'အကိုတို့၊ အမတို့ကို လာကူညီတဲ့သူတွေ ရှိလား' လို့ ကျနော်တို့အဖွဲ့ထဲက လူတယောက်က မေးလိုက်တော့ ရွာသားတယောက် ပြန်ဖြေပါတယ်။

'ကျနော်တို့ရွာကို ဖြတ်ပြီးတော့ အလှူရှင်တွေကတော့ လာကြတယ်။ ကျနော်တို့ရွာကိုတော့ ဘာမှ ကူညီပေးသွားတာမျိုးတွေ မရှိပါဘူး'

စစ်ကုန်းကျေးရွာကနေ ထပ်ပြီးတော့ ပါကွန်ကျေးရွာကို စက်လှေ နာရီဝက် ကျော် တနာရီနီးပါးလောက် စီးပြီးမှ ရောက်တယ်။ ပါကွန်ကျေးရွာ သွားရာလမ်းတလျှောက်မှာလည်း စပါးခင်းတွေကို ရေမြုပ်နေတာ တွေ့ရတယ်။ စပါးခင်းတွေမြင်နေရတော့ ရေတိမ်မှာပဲဆိုတဲ့အတွေးနဲ့ လှေပေါ်ပါလာတဲ့ ဒေသခံတယောက်ကို မေးကြည့်တော့ လှေပေါ်ပါလာတဲ့ ၁၅ ပေကျော်တဲ့ ထိုးဝါးနဲ့ ထောက်ခိုင်းကြည့်တာ အောက်ခြေကို မမှီဘူးဖြစ်နေတယ်။ စပါးပင်တွေက ရေပေါ်မှာ ပေါလာပေါ်နေတော့ အားလုံး အုံ့သြသွားကြတယ်။

ပါကွန်ကျေးရွာကို ရောက်ဖို့အတွက် နာရီဝက်ကျော် တနာရီနီးပါး စက်လှေစီးရတဲ့ ခရီးမှာ ရေမြုပ်နေတဲ့ လယ်ကွင်းတွေပေါ်ကနေ ဖြတ်သန်းသွားရတယ်။ စက်လှေတွေ အားလုံးလည်း တစီးတည်း သီးသန့် မသွားကြဘူး။ လမ်းမှာ ပျက်သွားလို့ရှိရင် အကူညီတောင်စရာ နေရာလည်း မရှိပါဘူး။ ရေထဲမျောနေဖို့သာ ရှိပါတော့တယ်။ ဖုန်းလိုင်းကလည်း မိတချက် မမိတချက် ဖြစ်နေပါတယ်။

ပါကွန်ကျေးရွာကို ရောက်တော့ တရွာလုံးမှာ ရှိတဲ့အိမ်တွေထဲမှာ တချို့အိမ်တွေက တံစက်မြိတ်အထိ နစ်မြုပ်နေတာတွေ ရှိပြီး အိမ်ခေါင်မိုးမှာ လင့်စင်ထိုးပြီးနေကြတာတွေလည်း ရှိပါတယ်။ တချို့အိမ်တွေကတော့ အိမ်ကြမ်းပြင် နစ်မြုပ်လာတဲ့အတွက် စင်ထိုးပြီးနေကြတာကိုလည်း တွေ့ရပါတယ်။ ဧရာဝတီတိုင်း ကျေးရွာအချို့ကအိမ်တွေဟာ ခြေတံရှည်အိမ်တွေ များကြပါတယ်။ နှစ်စဉ်ရေကြီးရင် ရေနစ်မြုပ်ကြရလို့ ခြေတံရှည်အိမ်တွေပဲ ဆောက်လုပ်လေ့ရှိပါတယ်လို့ ကျနော်တို့နဲ့အတူပါလာတဲ့ ဒေသခံတဦးက ပြောပါတယ်။

ပါကွန်ကျေးရွာ ရွာလည်လမ်းမကြီးအတိုင်း ကျနော်တို့ဝင်လာပါတော့တယ်။ ဆန်၊ ငပိ၊ ငါးသေတ္တာဗူး၊ မားမားခေါက်ဆွဲခြောက်ဖာ၊ မုန့်၊ အချိုရည်၊ နို့ဗူးတွေကို ပီနံအိတ်နဲ့ ထုပ်ပိုးထားတာတွေကို အိမ်ထောင်စုတစုစီအတွက် လိုက်လံဝေငှပါတော့တယ်။ ပစ္စည်းတွေ ဝေငှတော့ အိမ်တိုင်းနီးပါးက လှေတွေနဲ့ ထွက်လာကြပါတယ်။ တချို့ လှေမရှိတဲ့ အိမ်တွေဆိုရင်တော့ ဘေးအိမ်က လှေကို အကူအညီတောင်းပြီးတော့ ပစ္စည်းတွေ ယူခိုင်းပါတယ်။

ပါကွန်ကျေးရွာ တောင်၊ မြောက်နဲ့ ရွာသစ်ကုန်းတွေကို ဝေငှပြီးတော့ ကလောတော့ ကျေးရွာဖက်ကို ခရီးဆက်ပြန်တော့ မိုးက ဖွဲဖွဲကျနေပါပြီ။ ကလောတော့ကို စက်လှေနဲ့ ခရီးဆက်ပြန်ပါတယ်။ မိုးကလည်း သည်းသည်ထက် သည်းလာပါတယ်။ စက်လှေပေါ်မှာပါလာသူတချို့က နေသာတယ်ဆိုပြီး မိုးကာအင်္ကျီ ဝတ်မလာကြပါဘူး။ စက်လှေကလည်း အရှိန်နဲ့ ပြေး၊ မိုးကလည်း ပက်ဆိုတော့ တဖြည်းဖြည်းနဲ့ အေးလာတဲ့ ဒဏ်ကို ပမာနမထားပဲ ပီတိတွေကို စားသုံးရင်း ခရီးဆက်ကြပြန်ပါတယ်။

ကလေတော့ကျေးရွာကို ရောက်တော့ ရွာထဲကို ဝင်မယ့်လမ်းမှာ ဗေဒါဒိုက်တွေ ဖုံးလွှမ်းနေပါတယ်။ အဲဒီရွာအဝင်လမ်းမှာရှိတဲ့ အိမ်နှစ်အိမ်ထဲကို ပစ္စည်းတွေ လာယူဖို့ အော်ခေါ်တော့ လှေနဲ့ ထွက်လာပြီး လာယူကြပါတယ်။ ရွာထဲကို ဘယ်လမ်းကနေဝင်လို့ရမလဲ မေးတော့ ဗေဒါဒိုက်တွေ ဖုံးလွှမ်းနေတဲ့ လမ်းကို လက်ညှိုးထိုးပြပါတယ်။ ရေထဲဆင်းပြီး ရှင်းဖို့ကလည်း မလွယ်ကူလှပါဘူး။ ပစ္စည်းတွေလာယူတဲ့ ရွာသားနှစ်ဦးက သူတို့ ဗေဒါတွေ ရှင်းပေးမယ်ဆိုပြီး ရှေ့ကနေ လမ်းစပွင့်သွားတော့ စက်လှေသမားကို ဝင်တိုးခိုင်းပြီး မောင်းဝင်မှ ရွာထဲကို ရောက်ပါတော့တယ်။

ရွာထဲကိုရောက်ပြီး ပစ္စည်းတွေ ဝေငှရင်းကြည့်လိုက်တော့ အိမ်တံစက်မြိတ်တွေအထိ ရေက နစ်မြုပ်နေတာကို တွေ့ရပါတယ်။ တချို့အိမ်တွေဆိုရင် အိမ်ခေါင်းမိုးကို ဖောက် ပြတင်းပေါက် လုပ်ထားကြတာတွေ့ရပါတယ်။ ကျနော်တို့ ရွာထဲရောက်တော့ မိုးက တဖြည်းဖြည်း တိတ်စပြုလာပါပြီ။ ရွာတောင်ဖက်အခြမ်းကို ဆက်လက်ဝေငှတော့ ရေနစ်မြုပ်နေတဲ့ အိမ်တံစက်မြိတ်အစွန်းမှာ လင့်ထိုးထားပြီး ရေချိုးနေတဲ့ အမျိုးသမီးတဦးရဲ့ပန်းချီကားအလှကို ဒုက္ခထဲကရင်သပ်ရှုမောဖွယ်လို့ ပေးရမလို ဖြစ်နေပါတယ်။ အကြောင်းအရင်းကတော့ ရေနစ်မြုပ်နေတဲ့ အိမ်တံစက်မြိတ်အစွန်းမှာ ရေချိုးနေတယ်ဆိုပေမယ့် ရေနစ်မြုပ်နေတဲ့နေရာက ကျနော်တို့မှာပါလာတဲ့ ထိုးဝါးနဲ့တောင် အောက်ခြေကို မမှီပါဘူး။ ဒါကြောင့် ရင်သပ်ရှုမောဖွယ်လို့ ခေါ်ဆိုရမလားပါပဲ။

ကျနော်တို့လည်း ရွာထဲမှာ လှည့်လည်ဝေငှရင်း သောက်ရေသန့်ကို လုံလုံလောက်လောက် ရလားလို့ မေးကြည့်တော့ ရွာသူ၊ ရွာသားတွေက လုံလုံလောက်လောက် ရပါတယ်လို့ ပြန်ဖြေကြပါတယ်။ ဒါနဲ့ ဘယ်သူတွေ လာလှူဒါတုန်းလို့ မေးပြန်တော့ မိုးရေခံသောက်ရတာပေါ့ဗျာတဲ့။ ဒါဟာ ရွာသူ၊ ရွာသားတွေရဲ့ ရိုးသားစွာ ပြောလိုက်တဲ့စကားတွေဖြစ်ပါတယ်။

ကျနော်တို့အဖွဲ့တွေလည်း စစ်ကုန်းရွာ၊ ပါကွန်ရွာ၊ တယောလှရွာနှင့် ရန်ကုန်တိုင်းအတွင်း တိုက်ကြီးမြို့နယ်ရှိ ကလောတော့ရွာကို လှူဒါန်းခဲ့ပြီး ညနေ ၃ နာရီ ထိုးခါနီးလောက်တော့ စစ်ကုန်းကျေးရွာကို ပြန်လည်ရောက်ရှိလာပါတယ်။ စစ်ကုန်း ကနေ စံခင်းကို ပြန်ဖို့အတွက် ကားစောင့်နေ ကြပါတယ်။ ကားရောက်လာတော့ ကားပေါ် တက်ပြီး ပြန်ကြပါတယ်။ ပထန်ကျေးရွာနား မရောက်ခင်မှာ ကားက ဗွက်နစ်နေလို့ လမ်းအနည်းငယ်လျှောက်ပြီးတော့ ကားပြန်စောင့်နေကြရတယ်။ ခနေဖြူမြို့နယ်က ဒေသခံတွေက ကားပြန်လွှတ်ပေးတဲ့အတွက် ခရီးဆက်ကြပြန်တယ်။ ပထန်ကျေးရွာရောက်တော့ မုန့်ဟင်းခါးဆိုင်မှ ခရီးတထောင်နားပြီး မုန့်ဟင်းခါးစားကြတယ်။ အဲဒီနောက် စံခင်းကျေးရွာရောက်တော့ ၄ နာရီကျော်လောက်ရှိနေပါပြီ။ စံခင်းကနေ ဧရာဝတီမြစ်တဖက်ကမ်းရှိ ခနေဖြူမြို့ စက်လှေနဲ့ ပြန်ကူးကြရတယ်။ ခနေဖြူမြို့ကို ရောက်တော့ ၅ နာရီကျော်နေပါပြီ။ ခနေဖြူမြို့က မြို့မိမြို့ဖတွေ စီစဉ်ပေးထားတဲ့ တည်းခိုခန်းမှာ အနားယူကြပြီး၊ ညနေ ၆ နာရီကျော်လောက်မှာတော့ ခနေဖြူမြို့ဒေသခံတွေ တည်ခင်းကျွေးမွေးတဲ့ ညစာကို သုံးဆောင်ပြီး နောက်တနေ့မှာပဲ ရန်ကုန်ရောကတဲ့အထိ ကားကို ထပ်မံစီစဉ်ပေးပြန်ပါတယ်။အဖက်ဖက်မှ ကူညီပေးခဲ့တဲ့ ဒေသခံများနှင့် ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်ကျောင်းသားများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုက်ရပါတယ်။

## ဒုက္ခနွံ့ထဲက မြင်မိသမျှ

ကျနော်တို့ရောက်ခဲ့တဲ့ ရွာတွေမှာ ဆိုရင် အစိုးရရဲ့ ထောက်ပံ့မှုအားနည်းနေတာကို တွေ့ရပါတယ်။ တချို့ရွာတွေမှာဆို အုပ်ချုပ်ရေးပိုင်းက လူတွေက လာရောက် ကူညီကြတာတွေ ရှိလားလို့ မေးလိုက် တညီတညွတ်တည်း ဖြေကြတာကတော့ လာမကူညီကြဘူးတဲ့။ အစိုးရက ကြေငြာနေတာတွေကိုတော့ တွေ့ရပါတယ်။ ဘယ်သူတွေအတွက် ဘယ်လောက် သုံးမယ်ဆိုပြီး သတင်းတွေ ဖတ်နေရတယ်။ အဲဒီဘဏ္ဍာငွေတွေက ရေဘေးသင့်ပြည်သူတွေအတွက် အမှန်တကယ် အသုံးပြုဖြစ်လားလို့ မေးခွန်းထုတ်စရာတွေ ဖြစ်လာပါတယ်။

အစိုးရက သွားရောက်ကူညီခြင်း မရှိဘူးဆိုပေမယ့် ပရဟိတသမားတွေကတော့ သွားရောက် ကူညီကြတာတွေလည်း ရှိကြပါတယ်။ပရဟိတသမားတွေတောင် ရောက်နိုင်ပါရဲ့နဲ့ အုပ်ချုပ်သူအစိုးရက မရောက်နိုင်တာကတော့ လွှတ်တော်ထဲမှာ အိပ်ငိုက်နေတဲ့ အမတ်တွေလားလို့ ထင်မှတ်ရပါတယ်။ အစိုးရရဲ့ ကြိုတင်ကာကွယ်မှု အစီအစဉ်တွေလည်း လုပ်ဆောင်တာတွေမှာ အားနည်းမှုတွေ ရှိနေပါတယ်။ ဆိုလိုတာကတော့ မဖြစ်ခင်ကြိုတင် ကာကွယ်ပေးတဲ့ လုပ်ငန်းစဉ်တွေ မရှိခဲ့လို့ ၁၉၃၃ ခုနှစ် အမေရိကန်နိုင်ငံမှာ ပြင်းထန်တဲ့ ရေလွှမ်းမိုးမှုဒဏ် ခံခဲ့ရသလိုမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် အမေရိကန်အစိုးရဟာ ရေလွှမ်းမိုးမှုဒဏ်ကို ကာကွယ်ဖို့အတွက် ၁၉၃၆ ခုနှစ် နော်ရစ်ဆည်ကို တည်ဆောက်ပြီး ကာကွယ်ခဲ့တာကြောင့် ရေလွှမ်းမိုးခံရမှုဒဏ်ကြောင့် ဆုံးရှုံးနစ်နာရမယ့် ဒေါ်လာသန်းခြောက်ထောင်ကို ကာကွယ်နိုင်ခဲ့ပါတယ်။

အစိုးရကိုယ်တိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုက်နာလုပ်ဆောင်ခြင်း မရှိဘူးဆိုတာကိုလည်း တွေ့မြင်နေရပါတယ်။ ကချင်ပြည်နယ်မှာဆိုရင်လည်း ရွာတွေပြောင်းရွှေ့ခံရတဲ့အထိ ဆည်တွေ ဆောက်လုပ်နေတာတွေ၊ ကျောက်စိမ်းထွက်ရှိရာဒေသတွေမှာ သစ်ပင်မရှိတော့ပဲ တောင်ကုတုံးဖြစ်နေတာတွေ၊ သစ်တပင်ခုတ်ရင် နှစ်ပင်စိုက်ရမယ်ဆိုတဲ့ ဆောင်ပုဒ် မဟုတ်တော့ပဲ သစ်တပင်ခုတ်ရင် တတောလုံးကို ရှင်းပစ်မယ်ဆိုတာမျိုးတွေ ဖြစ်လာပါတော့တယ်။ ရွှေတူးဖော်ရာလုပ်ငန်းတွေမှာလည်း သဘာဝပတ်ဝန်းကျင်လိုက်နာမှု စံနှုန်းစံထားတွေ ပျောက်ကွယ်နေပါတယ်။သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ရာသီဥတုဖောက်ပြန်လာပြီး ရေကြီးရေလျှံမှုတွေကို ကြုံတွေ့နေရပြီဖြစ်ပါတယ်။ ဒါတွေဟာ မဖြစ်ခင်ကတည်းက ကြိုတည်စီမံဆောင်ရွက် ကာကွယ်ထားရမှာတွေလည်း ဖြစ်ပါတယ်။ ဇူလိုင်လလည်ထဲက ဖြစ်လာတဲ့ ရေကြီးရေလျှံမှုတွေဟာ အခု ဩဂုတ်လ ရောက်တဲ့အထိ ကူညီထောက်ပံ့မှုတွေ အများကြီး လိုအပ်နေတယ်ဆိုတာကို မီဒီယာတွေမှာ နေ့စဉ်လို မြင်တွေ့နိုင်ပါတယ်။ ကြိုတင်ကာကွယ်နိုင်တဲ့ နည်းပကလည်း မရှိ၊ လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ခြင်း မရှိလို့ ပြည်သူတွေ ပြင်းထန်တဲ့ရေကြီးမှုဒဏ်အောက်မှာ ခံနေကြရတာကတော့ ထတောင်မထနိုင်တော့ပါဘူး။ ပြည်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေအတွက် နိုင်ငံတကာရဲ့ အကူအညီတွေ လိုအပ်နေလိမ့်ဦးမယ်လို့ ထင်မှတ်မိပါတယ်။

## ပရဟိတစိတ်နဲ့ လူငယ်

မြန်မာနိုင်ငံတဝှမ်းလုံးမှာ ရှိတဲ့ ရေဘေးသင့်ဒေသတွေကို သွားရောက်ကူညီကြသူတွေ အများစုကို ကြည့်လိုက်မယ်ဆိုရင် လူငယ်တွေ များပြားစွာ မြင်တွေ့နေရပါတယ်။ လူငယ်လေးတွေရဲ့ ပရဟိတရှိတဲ့ စိတ်ထားကို မြင်တွေ့ရတော့ ဝမ်းသာလှပါပြီ။

ရေဘေးသင့်ပြည်သူတွေအတွက် ရန်ကုန်မြို့ရဲ့ လူစည်းကားရာနေရာတွေမှ အလှူငွေကောက်ခံကြသူတွေကို မြင်တွေ့ရတယ်ဆိုရင်လည်း လူငယ်တွေအများစုကို တွေ့ရပါတယ်။ တချို့လူငယ်တွေဆိုရင်ဖြင့် တီးဝိုင်းတွေနဲ့ သီချင်းဆိုတာတို့၊ ဖျော်ဖြေရေးနဲ့ အလှူခံထွက်ကြတာတွေလည်း ရှိပါတယ်။ မြန်မာတို့ရဲ့ ရက်ရက်ရောရော လှူဒါန်းတတ်တဲ့ စိတ်ထားကို ရေဘေးသင့်အလှူမှာ မြင်တွေ့နိုင်ပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် အလှူခံတဲ့သူတွေ၊ အဖွဲ့အစည်းတွေ နေရာတိုင်းမှာ ရှိနေကြပေမယ့် အလှူငွေထည့်သူတွေကတော့ ထပ်ထပ်ခါခါ ထည့်ဝင်ရလည်း စေတနာကတော့ လျော့ကျသွားခြင်း မရှိပါဘူး။

အလှူငွေကောက်ခံသူအချို့မှာဆို ရင်လည်း ရေဘေးသင့်ပြည်သူတွေကို အမှန်တကယ် ကူညီဆောင်ရွက်ပေးနေသူတွေပါရှိနေသလို ကိုယ်ကျိုးစီးပွားအတွက် အသုံးချနိုင်ဖွယ်ရှိတယ်ဆိုတာကိုလည်း သတိပြုမိစေချင်ပါတယ် □

> **ရေဘေးသင့်ပြည်သူတွေအတွက် ရန်ကုန်မြို့ရဲ့ လူစည်းကားရာနေရာတွေမှ အလှူငွေကောက်ခံကြသူတွေကို မြင်တွေ့ရတယ်ဆိုရင်လည်း လူငယ်တွေအများစုကို တွေ့ရပါတယ်၊ တချို့လူငယ်တွေဆိုရင်ဖြင့် တီးဝိုင်းတွေနဲ့ သီချင်းဆိုတာတို့၊ ဖျော်ဖြေရေးနဲ့ အလှူခံထွက်ကြတာတွေလည်းရှိပါတယ်၊ မြန်မာတို့ရဲ့ ရက်ရက်ရောရော လှူဒါန်းတတ်တဲ့ စိတ်ထားကို ရေဘေးသင့်အလှူမှာ မြင်တွေ့နိုင်ပါတယ်၊ ရေဘေးသင့်ပြည်သူတွေအတွက် အလှူခံတဲ့သူတွေ၊ အဖွဲ့အစည်းတွေ နေရာတိုင်းမှာ ရှိနေကြပေမယ့် အလှူ ငွေထည့်သူတွေကတော့ ထပ်ထပ်ခါခါ ထည့် ဝင်ရလည်း စေတနာကတော့ လျော့ကျသွားခြင်းမရှိပါဘူး၊"**

## ဂရိရဲ့ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်



ဂရိနိုင်ငံရဲ့ ဗဟိုတရားရုံးတရားသူကြီးချုပ် Vassikiki Thanou ဟာ ယာယီအစိုးရရဲ့ အကြီးအကဲအဖြစ် ကျမ်းသစ္စာကျိမ်ဆိုလိုက်ပြီးနောက် သူမဟာ ဂရိနိုင်ငံရဲ့ ပထမဦးဆုံး အမျိုးသမီး ဝန်ကြီးချုပ် ဖြစ်လာခဲ့ပါတယ်။

Ms. Thanou နဲ့ သူမဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ ပြဿနာတွေကြုံနေရတဲ့ ဂရိနိုင်ငံကို အနည်းဆုံး စက်တင်ဘာလ ၂၀ ရက်နေ့ ရွေးကောက်ပွဲ ကျင်းပချိန်အထိ တာဝန်ယူ အုပ်ချုပ်သွားမှာ ဖြစ်ပါတယ်။

ယာယီအိမ်စောင့်အစိုးရရဲ့ အဓိကတာဝန်ကတော့ တရားမျှတပြီး ချောချောမွေ့မွေ့ ရွေးကောက်ပွဲ ကျင်းပပေးဖို့ ဖြစ်တယ်လို့ ဝန်ကြီးချုပ်တာဝန် လွှဲပြောင်းရယူတဲ့ အခမ်းနားမှာ သူမကပြောပါတယ်။ ဒါပေမဲ့ အခြေအနေအရ ဒီအစိုးရအနေနဲ့ အရေးတကြီး ကိုင်တွယ်ရမယ့် လူဝင်မှုကြီးကြပ်ရေး လိုကိစ္စမျိုးကိုတော့ ကိုင်တွယ်ဖြေရှင်းရမှာ ဖြစ်တယ်လို့ ပြောပါတယ်။

ဂရိနိုင်ငံဟာ ကာလကြာရှည်ဖြစ်ပွားနေတဲ့ စီးပွားရေးပြဿနာကို ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းနေရချိန်မှာ ဂရိနိုင်ငံရဲ့ ပင်လယ်ကမ်းခြေကို အထူးသဖြင့် ဆီးရီးယား၊ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေကနေ အကြမ်းဖက်သမားတွေနဲ့ ဖြစ်ပွားနေတဲ့ စစ်ဘေးရန်ကနေ ထွက်ပြေးလာကြတဲ့ ထောင်ပေါင်းများစွာရှိတဲ့ ပြောင်းရွှေ့နေထိုင်သူတွေ ဝင်ရောက်လာနေတဲ့ ပြဿနာနဲ့လည်း ရင်ဆိုင်နေရပါတယ်။

တရားသူကြီးချုပ်လုပ်ခဲ့စဉ်အခါက Ms. Thanou ဟာ ဥရောပသမဂ္ဂရဲ့ နောက်ထပ် ဘဏ္ဍာရေး အကူညီရယူဖို့အတွက် အစိုးရခံစားခွင့်တွေနဲ့ အသုံးစားရိတ် လျှော့ချရေး၊ ခြိုးခြံချွေတာရေးအစီအစဉ်ကို ဆန့်ကျင်ခဲ့သူဖြစ်ပါတယ်။ *Credit: VOA* □

## မဲဆောက်အထူးစီးပွားရေးဇုံ အမြန် အကောင်အထည်ဖော်ဖို့ ထိုင်းဝန်ကြီးချုပ်တိုက်တွန်း



မြန်မာနဲ့ နယ်စပ်မြို့ဖြစ်တဲ့ ထိုင်းဘက်ခြမ်းက မဲဆောက်မှာ အထူးစီးပွားရေးဇုံအဖြစ် အမြန်အကောင်အထည်ပေါ်လာဖို့ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ကျန်အိုချာဟာ စက်တာဘာ ၂ ရက်နေ့က မဲဆောက်ကို ရောက်လာပြီး ဒေသခံအာဏာပိုင် တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို တွန်းအားပေးခဲ့ပါတယ်။

ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အသစ်လည်း လာမယ့် ၂ နှစ်ထဲ အပြီး တည်ဆောက်ဖွင့်လှစ်ဖို့ရှိနေတဲ့အတွက် အဲဒီကာလအတွင်း တပါတည်း မဲဆောက်မှာ ပြီးပြည့်စုံတဲ့ စီးပွားရေးဇုံကြီး ပေါ်ထွက်လာဖို့ ထိုင်းဝန်ကြီးချုပ်က ရည်မှန်းထားပါတယ်။

သောင်ရင်းမြစ်ကမ်းဘေး မြေဧက ၆၈၀၀ ကျော် ကျယ်ဝန်းတဲ့ ဒီမဲဆောက်အထူးဇုံ စီမံကိန်း အထမြောက် ပြီးစီးနိုင်ရေးမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတစ်ခုကတော့ မြေဧက ၈၀၀ နီးပါးအတွက် လျော်ကြေးကိစ္စ မပြေမလည် ဖြစ်နေတာပါ။

အဲ့ဒီမြေတွေဟာ သစ်တောပျက်သုဉ်းနေရာတွေကို ဒေသခံတွေကို ဂရန် မပေးပဲ စိုက်ပျိုးလုပ်ကိုင်စားကြဖို့ ဝေခြမ်း ပေးထားတဲ့ မြေတွေဖြစ်ပြီး အစိုးရက အခု လျော်ကြေးပေး ပြန်သိမ်းမယ့်အပေါ် မကျေနပ်မှုတွေ ရှိလာတာပါ။

ထိုင်းအစိုးရက မြေအကျယ် ၁ ရိုင် (ဧကဝက်ကျော်ကျော်)ကို နိုင်ငံတော်ကို ပြန်အပ်ရင် ဒေါ်လာ ၁၄၀ နှုန်းနဲ့ ညီတဲ့ ဘတ် ၅၀၀၀ လျော်ကြေးပေးမယ်လို့ ဆိုထားပါတယ်။

ဒါပေမယ့် ဒေသခံတချို့ကတော့ မြေတွေကို ပုဂ္ဂလိကဆီကိုပဲ လက်လွှဲရောင်းချနေတဲ့အတွက် အဲဒီလို ရောင်းချတာ တရားမဝင်ကြောင်းနဲ့ အစိုးရဆီကိုပဲ ပြန်လည်အပ်ရမယ်ဆိုပြီး ထိုင်းအာဏာပိုင်တွေက အမိန့်ထုတ်ထားပါတယ်။

ဝန်ကြီးချုပ် ပရာယွတ် ကျန်အိုချာကလည်း တရားမဝင် အရောင်းအဝယ်လုပ်ရင် အရေးယူမယ်ဆိုပြီး မဲဆောက်ကို ရောက်လာတုန်း သတိပေး သွားပါတယ်။

တကယ်တော့ အခု အငြင်းပွားနေတဲ့ မြေအကျယ်အဝန်းဟာ စီးပွားရေးဇုံ မြေဧရိယာတခုလုံးရဲ့ ဆယ်ပုံတပုံလောက်ပဲ ရှိတာမို့ စီမံကိန်းကတော့ အကောင်အထည် ပေါ်လာမှာပဲဖြစ်တယ်လို့ မဲဆောက် အခြေစိုက် ဘီဘီစီသတင်းထောက်က ဆိုပါတယ်။

မဲဆောက်မြို့ထဲ အခု လက်ရှိမှာကို ထိုင်းနိုင်ငံရဲ့ အကြီးဆုံးလုပ်ငန်းတွေထဲမှာ ပါတဲ့ လိုတပ်စ် မက်ခရို ရော်ဘင်ဆန်လို ကုန်တိုက်တွေ အပါအဝင် ဖို့ဒ်ကားနဲ့ ဆိုင်ကယ် အရောင်းပြခန်းတွေ ဖွင့်လှစ်ထားနိုင်ပြီး ဖြစ်ပါတယ်။

အသစ်တိုးချဲ့မယ့် အထူးစီးပွားရေးဇုံရဲ့ ဧရိယာမှာတော့ ကုန်လှောင်ရုံတွေအပြင် ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ စက်မှုဇုံတွေ ပါဝင်မှာ ဖြစ်ပါတယ်။

မဲဆောက်ကို အထူးစီးပွားရေးဇုံ အဖြစ် ဖော်ဆောင်မယ့် ဒီစီမံကိန်းကို ဝန်ကြီးချုပ်ဟောင်း တပ်ဆင် လက်ထက် ၂၀၀၄ ခုမှာ စတင်ခဲ့တာဖြစ်ပြီး နောက်ပိုင်း နိုင်ငံရေး အခြေအနေတွေကြောင့် ရပ်ဆိုင်း သွားခဲ့ပါတယ်။ လက်ရှိ အစိုးရလက်ထက် ၂၀၁၄ ခုနိုဝင်ဘာလမှာတော့ ဥပဒေတခု ပြဋ္ဌာန်းပြီး အကောင်အထည် ဖော်ဖို့ ပြန်ကြိုးစားလာတာ ဖြစ်ပါတယ်။ *Credit: BBC* □

## မလေးရှားဝန်ကြီးချုပ် ဦးဆောင်တဲ့ ကုမ္ပဏီဘဏ်စာရင်း ချိတ်ပိတ်ခံရ



အဂတိလိုက်စားမှုနဲ့ ငွေကြေးခဝါချမှုတွေနဲ့ သံသယဖြစ်ခံနေရတဲ့ မလေးရှားအစိုးရပိုင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက 1MDB – Malaysia Development Berhad က ငွေတွေကို ဆွစ်ဇာလန်အာဏာပိုင်တွေက ချိတ်ပိတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။

မလေးရှားဝန်ကြီးချုပ် Najib Razak ကိုယ်တိုင် အကြံပေးဘုတ်အဖွဲ့ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ အဲဒီကုမ္ပဏီက ငွေကြေးအရှုပ်အရှင်းတွေနဲ့ ပတ်သက်လို့ မလေးရှားနဲ့ ဆွစ်ဇာလန် အာဏာပိုင်တွေက စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေတာပါ။ ကုမ္ပဏီအနေနဲ့ ဒေါ်လာ ၁၁ ဘီလီယံ အကြွေးတင်နေတာနဲ့ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်း ညံ့ဖျင်းမှု စတာတွေနဲ့ စွပ်စွဲခံနေရတာ ဖြစ်ပါတယ်။

ဆွစ်ဇာလန် ဘဏ်အကောင့်ထဲမှာရှိတဲ့ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာသော ကုမ္ပဏီပိုင်ငွေတွေကို OAG ဆွစ်ဇာလန် တရားသူကြီးချုပ်ရုံးက ထိန်းချုပ်ထားလိုက်ကြောင်း တရားရုံးပြောခွင့်ရ အမျိုးသမီးက ပြောပါတယ်။

လက်ရှိ အခြေအနေမှာ OAG ရုံးက သက်သေအထောက်အထားတွေကို စစ်ဆေးနေကြောင်း၊ OAG အနေနဲ့ မလေးရှားအာဏာပိုင်တွေနဲ့ အဆက်အသွယ် လုပ်ထားပြီးဖြစ်ကြောင်း၊ မှန်ကန်တဲ့ အချက်အလက်တွေ ရရှိရေးအတွက် နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ အထူးသဖြင့်တော့ မလေးရှားနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးပါကြောင်း ပြောခွင့်ရအမျိုးသမီးက အီးမေးလ်ကတဆင့် ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ဒါပေမဲ့ မလေးရှားနိုင်ငံမှာရှိတဲ့ 1MDB ကုမ္ပဏီကတော့ သူတို့ သိရသလောက် သူတို့ရဲ့ ဘဏ်အကောင့်တခုမှာ ချိတ်ပိတ်ခံထားရခြင်းရှိကြောင်းနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ဆွစ်ဇာလန်နိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ စုံစမ်းစစ်ဆေးမှုနဲ့လည်း ကုမ္ပဏီအနေနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေတယ်လို့ ပြောပါတယ်။

1MDB ကုမ္ပဏီကနေ ဝန်ကြီးချုပ် Najib Razak ရဲ့ ကိုယ်ပိုင် ဘဏ်စာရင်းထဲကို အမေရိကန် ဒေါ်လာ သန်း ၇၀၀ လွှဲပြောင်းသွင်းခဲ့ကြောင်း မလေးရှားစုံစမ်းစစ်သူတွေက တွေ့ရှိခဲ့တဲ့သတင်းကို Wall St Journal သတင်းစာမှာ July လက ဖော်ပြခဲ့တဲ့ သတင်းကြောင့် ဝန်ကြီးချုပ်အနေနဲ့ ရာထူးက ဆင်းပေးဖို့ တောင်းဆိုဆန္ဒပြမှုတွေ မြို့တော်ကွာလာလမ်ပူမှာ ပြီးခဲ့တဲ့ သီတင်းပတ်ကုန်ပိုင်းက ၂ ရက်ဆက်တိုက် ပြုလုပ်ခဲ့ကြပါတယ်။ ဝန်ကြီးချုပ်ကတော့ အစပထမက Wall St Journal မှာ ဖော်ပြတဲ့ သတင်းမဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့ပြီး၊ နောက်ပိုင်းမှာတော့ အရှေ့အလယ်ပိုင်း နိုင်ငံတွေက နိုင်ငံရေး အလှူငွေ ပေးခဲ့ကြတာ ဖြစ်တယ်လို့ ဝန်ခံခဲ့ပါတယ်။ သူ့အနေနဲ့ ရာထူးက ဆင်းပေးမှာ မဟုတ်ဘူးလည်းလို့ ပြောပါတယ်။ ဝန်ကြီးချုပ် Najib ကို ရာထူးကနေ ဆင်းပေးဖို့ တောင်းဆိုနေသူတွေအထဲမှာ ဝန်ကြီးချုပ်ဟောင်း Mahathir Mhd လည်း ပါဝင်ပါတယ်။ *Credit: VOA* □

## ဘန်ကောက်ဗုံး မသင်္ကာသူ လက်ဗွေ ကိုက်ညီမှုရှိ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ရောဝဏ်နတ်ကွန်းအနီး ဗုံးခွဲမှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးခဲ့တဲ့ မသင်္ကာသူရဲ့ လက်ဗွေရာဟာ ပြီးခဲ့တဲ့စနေနေ့ကဖမ်းမိခဲ့တဲ့ ဖောက်ခွဲရေး ပစ္စည်းတွေပေါ်က လက်ဗွေရာနဲ့ကိုက်ညီမှုရှိတယ်လို့ ရဲတွေကပြောပါတယ်။

ကမ္ဘောဒီးယားနယ်စပ်မှာ ဖမ်းဆီးခဲ့တဲ့ အဲဒီနိုင်ငံခြားသားဟာ ဗုံးဖောက်ခွဲမှုကို ကျူးလွန်ခဲ့တဲ့ကွန်ရက်မှာ အဓိကကျတဲ့လူ ဖြစ်တယ်လို့ ထိုင်းရဲတွေက ယူဆနေကြပါတယ်။

အဲဒီလူဟာ ဗုံးကို ဘန်ကောက်မြို့က တိုက်ခန်းဆီ သယ်ဆောင်ခဲ့တာ ဖြစ်နိုင်သလို၊ နတ်ကွန်းဆီ သယ်ဆောင်ခဲ့သူဟာလည်း သူပဲ ဖြစ်နိုင်တယ်လို့ ရဲတပ်ဖွဲ့ပြောခွင့်ရသူ Prawut Thavornsiri က ဆိုပါတယ်။ ဗုံးခွဲမှုနဲ့ ပတ်သက်ပြီး အလိုရှိတဲ့ ဖမ်း ဝရမ်းထုတ်ထားသူ ၈ ဦးမြောက်ရှိသွားပြီလို့လည်း သူက ပြောပါတယ်။ အခုချိန်အထိ နိုင်ငံခြားသား ၂ ဦးကို ဖမ်းဆီးထားပြီး သူတို့ ဘယ်နိုင်ငံသားဖြစ်တယ်ဆိုတာကိုတော့ ထိုင်းရဲတပ်ဖွဲ့က အတည်ပြုပြောဆိုခြင်းမရှိသေးပါဘူး။ ပထမ နိုင်ငံခြားသားကို စနေနေ့က ဘန်ကောက်မြို့ တိုက်ခန်းတစ်ခုကို ဝင်စီးစဉ် ဖောက်ခွဲရေးပစ္စည်းတွေနဲ့အတူ ဖမ်းဆီးခဲ့တာဖြစ်ပြီး၊ ဒုတိယတစ်ယောက်ကိုတော့ အင်္ဂါနေ့က ဘန်ကောက်မြို့ အရှေ့ဘက် ကမ္ဘောဒီးယားနယ်စပ်မှာ ဖမ်းမိခဲ့တာ ဖြစ်ပါတယ်။ *Credit: BBC* □

# Calvin Harris အတွက် စင်ပေါ်ကနေ စကားလုံး ၃ လုံးကိုပြောပြခဲ့တဲ့ Taylor Swift




ကန်းထရီးအဆိုတော်မလေး Taylor Swift ဟာ သူမရဲ့ ချစ်သူကောင်လေး Calvin Harris ကို စတိတ်စင်မြင့် အထက်ကနေ "I Love You" လို့ ပြောခဲ့ပါတယ်။ တစ်ကမ္ဘာလုံးက ပရိတ်သတ်တွေလည်း ခဏလောက် တိတ်ဆိတ်သွားကြရပါတယ်။

Taylor Swift ဟာ ကယ်လီဖိုးနီးယားခန်းမမှာ ရက်အနည်းငယ်ခန့် ဖျော်ဖြေပွဲတွေ ဆက်တိုက်ပြုလုပ်ပြီး လူသိများ ကျော်ကြားသူတစ်ချို့ကိုလည်း အထူးဧည့်သည်တွေအဖြစ် ဖိတ်ကြားပြီး လာရောက်ကြည့်ရှုစေခဲ့ပါတယ်။ ထိုဧည့်သည်တွေကတော့ Ellen DeGeneres၊ Mariska Hargitay ၊ Cara Delevingne ၊ Fifty Harmony ၊ Julia Roberts နဲ့ Alanis Morissette တို့အပါအဝင် အခြား နာမည်ကြီးပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

တစ်ချို့သော Taylor Swift ရဲ့ ပရိတ်သတ်တွေကတော့ လူမြင်ကွင်းမှာ ပုဂ္ဂိုလ်ရေးအကြောင်းအရာတွေ မပြောသင့်ဘူးလို့ ဆိုကြပါတယ်။ Taylor Swift ရဲ့ သစ္စာရှိတဲ့ အမာခံပရိတ်သတ်တွေကတော့ သူမဘက်က အကူအညီမပေးနိုင်ခဲ့ပေမယ့် သူမရဲ့ချစ်သူ Calvin Harris တစ်ယောက် စင်ပေါ်တက်တဲ့ လျှောက်လမ်းအဆုံးမှာ သူမကို ပရိတ်သတ်တွေရန်က ကာကွယ်ပေးဖို့ အသင့်စောင့်နေတာကိုတော့ တွေ့ခဲ့ကြပါတယ်။

Taylor Swift ဟာ သူမရဲ့ ကျော်ကြားတဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ "Shake It Off" ဆိုတဲ့ သီချင်းကို သီဆိုပြီးတဲ့နောက်မှာ စင်မြင့်အထက်ကနေ "I Love You" ဆိုတဲ့ စကားလုံး ၃ လုံးကို Calvin Harris အတွက် ပြောခဲ့တာဖြစ်ပါတယ်။ ထို အဖြစ်အပျက်တွေဟာ Tumblr မှာတင်ထားခဲ့တာကိုလည်း တွေ့ရမှာပါ။

အသက် ၃၁ နှစ်ရှိနေပြီဖြစ်တဲ့ EDM ဆရာကြီး Calvin Harris ကလည်း သူ့ရဲ့ ချစ်သူ ကောင်မလေးအတွက် One Direction အဖွဲ့ရဲ့ အဆိုတော်ဟောင်း Zayn Malik ရဲ့ Meme နဲ့ တိုက်ခိုက်မှုတွေကိုလည်း သူက Twitter က တစ်ဆင့် ပြန်လည်တိုက်ခိုက်ပြောဆိုခဲ့ပါသေးတယ်။

aylor Swift ဟာ လက်ရှိမှာ ဒီဇင်ဘာလအထိ "1989" ဆိုတဲ့ နယ်လှည့်ဖျော်ဖြေပွဲ တစ်ခုကို ပြုလုပ်နေပါတယ်။

*Ref : Starpulse* □

# ၄ ရက်နေ့မှာ နှင်းဆီအဖွဲ့နဲ့အတူ အငြိမ့်ကဖို့ရှိတဲ့ မင်းမော်ကွန်း

အေးချမ်းပျော်ရွှင်စရာ အပြည့်နဲ့ မိသားစုဘဝလေးအပြင် လက်ရှိမှာ ဇာတ်ကားရိုက်ကူးမှုတွေနဲ့ အနုပညာ အသိုင်းအဝိုင်းကြားထဲကို ပြန်လည်ရောက်ရှိလာပြီဖြစ်တဲ့ မင်းမော်ကွန်းက ဒီတစ်လလုံးမှာ ရေဘေးအတွက် နယ်တွေကို ကိုယ်တိုင်ဆင်းပြီး အားပေးစကားပြောခဲ့သလို ၄ရက်နေ့မှာလဲ ပြန်လည်ထူထောင်ရေးအတွက် နှင်းဆီအဖွဲ့ကလုပ်မဲ့ အငြိမ့်မှာလဲ ပါဝင်ကူညီဦးမှာမို့သူနဲ့ တွေ့ဆုံခိုက် လက်ရှိလှုပ်ရှားဖြစ်နေတဲ့ လှုပ်ရှားမှုများအကြောင်းနဲ့ ဇာတ်ကားရိုက်ကူးမှုအများအကြောင်းကိုမေးမြန်းကြည့်တဲ့အခါ 'ဒီနှစ်ထဲမှာကားကြီးက ၂ကားရှိတယ်။ တစ်ကားကတော့ ဝိဉာဉ်စိမ်းတဲ့။ ဒါရိုက်တာက ဦးဝင်းထွန်းထွန်း၊ ကိုရန်လေးပါမယ်။ ကိုကျော်သူ၊ ကျနော်၊ ကိုကျော်ကျော်ဗို၊ ဟိန်းဝေယံ၊ မြင့်မြတ်ပေ့ါ။ ပုပ္ပါးမှာ သွားရိုက်မှာပါ။ ဗီဒီယိုပိုင်းကတော့ ကျနော် အောင်သီရိနဲ့ စာချုပ်ချုပ်ထားတယ်။ သင်္ကြန်တန့်လဲ ဆက်ရိုက်ဖို့ရှိတယ်။ အခုနောက်ပိုင်း ကျနော့် အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ ကာရိုက်တာမျိုးပဲ ရိုက်ဖြစ်ပါတော့မယ်။ ကျောင်းသားကာရိုက်တာတွေနဲ့တော့ ကျနော့်ကို တွေ့ရတော့မှာ မဟုတ်ပါဘူး။'လို့ ဆိုသွားတဲ့ မင်းမော်ကွန်းက လက်ရှိမှာတော့ ဒါရိုက်တာ ပြည်ဟိန်းသီဟ ရည်းစားဖြတ်နည်း ဇာတ်ကားမှာ ခိုင်သင်းကြည်၊ သံသာမိုးသိမ့်တို့နဲ့အတူ ရိုက်ကူးနေတယ်လို့ သိရပါတယ်။

ရေဘေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံသားတစ်ယောက်ရဲ့ အမြင်နဲ့ပါဝင်ဖြစ်တဲ့ ပရဟိတလုပ်ငန်းတွေကိုလည်း 'ကျနော်တို့ ရခိုင်သွားတယ်။ နောက် ပဲခူးတိုင်းဖက်က မိုးညို၊ မင်းလှ။ နောက် ဧရာဝတီတိုင်းဖက်ကဆိုအင်္ဂပူ၊ ညောင်တုန်း၊ ဟင်္သာတဖက်တွေကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးဖြစ်တယ်။ သူတို့ကို တွေ့ရတော့ တော်တော်လေး ဒုက္ခရောက်နေတာလဲတွေ့ရတယ်။

သူတို့အတွက် အဓိက လိုအပ်တာက ဆန်၊ ဆေးဝါးနဲ့ရေရယ်ပေ့ါ။ တတ်နိုင်သမျှတော့ ကျနော်တို့အနုပညာသမားတွေ သူတို့ဆီကို သွားပြီး စိတ်ဓာတ်တွေကိုမြှင့်တင်ပေးနေပါတယ်။ နောက်ပြီး ကွန်တော်တို့ရန်ပုံငွေပွဲတွေ ကပေးဖြစ်တယ်။ နောက်နှင်းဆီအဖွဲ့ အနေနဲ့လဲ ရှေ့လ ၄ ရက်နေ့ Novotel Hotel မှာ အငြိမ့်ကပေးဖို့ ရှိပါတယ်။ ရတဲ့ပိုက်ဆံတွေကို ရေဘေးသင့်ပြည်သူတွေပြန်လည် ထူထောင်ရေးအတွက် လှူမှာပါ။'လို့ သူက ပြောပြသွားပါတယ်။



ဂီတပိုင်းမှာ လုပ်လက်စအခွေနဲ့ ပတ်သက်ပြီးတော့လည်း မင်းမော်ကွန်းက 'ကျနော်အခုအခွေလေး လုပ်ထားတာကြာနေပြီပေ့ါ။ တစ်ကိုယ်တော်အခွေတော့ မဟုတ်ဘူး။ Band နဲ့တွဲပြီးလုပ်ထားတဲ့ အခွေလေးပေ့ါ။ ကျနော် အခုတစ်လလုံးကရေဘေးကိစ္စကို ပါဝင်ကူညီဖြစ်နေတဲ့အတွက် ကားရိုက်ကိုတောင် အချိန်မပေးနိုင်ပါဘူး။ အခုတောင်မှ မဖြစ်မနေမို့လို့ရိုက်ဖြစ်သွားတာ။ ဒီတစ်လလုံး သီချင်းကိစ္စကို ဘာဆိုဘာမှ မလုပ်နိုင်သေးပါဘူး။ နောက်ရှေ့လကျရင်လဲ ကားကြီးနဲ့နယ်ထွက်ရမယ်။ နောက် နှင်းဆီပွဲလဲရှိတော့ သီချင်းကို လုပ်ဖြစ်မယ် မထင်သေးဘူး။ Mixing တော့ရောက်နေပါပြီ။ သီချင်းခွေရဲ့ Title ကိုလောလောဆယ် Band emrnf Lonely Famous ဆိုပြီး ပေးထားပါတယ်'တဲ့။ *Ref:Trend Myanmar* □



# Selena Gomez ကို Instagram မှာ follow ပြန်လုပ်ခဲ့တဲ့ Demi Lovato

Demi Lovato ဟာ သူမရဲ့ အချစ်ဆုံး သူငယ်ချင်းဟောင်း Selena Gomez ကို Instagram မှာ follow ပြန်လုပ်ခဲ့တာကြောင့် သူမတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်သွားပြီးဖြစ်တယ် လို့ ပရိတ်သတ်တွေက ထင်ကြေးပေးနေကြပါတယ်။

သူမတို့ နှစ်ယောက်ကို ချစ်မြတ်နိုးကြတဲ့ ပရိသတ်တွေထဲက တစ်ယောက်က Demi တစ်ယောက် follow ခလုတ်ကို ပြန်နှိပ်လိုက်တဲ့အချိန်ဟာ ၂၀၁၅ ခုနှစ်ရဲ့ အကောင်းဆုံး အခိုက်အတန့်ဖြစ်တယ်လို့ ရေးသားခဲ့ပါတယ်။

Demi Lovato နဲ့ Selena Gomez တို့နှစ်ယောက်ဟာ အသက်ခုနှစ်နှစ်အရွယ် ကတည်းက သူငယ်ချင်းတွေဖြစ်ခဲ့တာဖြစ်ပြီး Disney ကြယ်ပွင့်နှစ်ယောက်ရဲ့ သူငယ်ချင်း ဘဝဟာ ရိုလာကိုစတာထက် အနိမ့်အမြင့်၊ အတက်အကျတွေ များခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က Demi ဟာ Selena ရဲ့ Twitter အကောင့်ကိုလည်း unfollow လုပ် လိုက်ချိန်မှာတော့ သူတို့နှစ်ယောက်ရဲ့ သူငယ်ချင်းဘဝဟာ ဆုံးခန်းတိုင်သွားခဲ့ပြီလို့ ပရိတ်သတ်တွေက ထင်မှတ်ခဲ့တာပါ။ Selena Gomez ကတော့ Demi Lovato ကို Instagram မှာ follow ပြန်မလုပ်ရသေးပေမယ့် သူတို့နှစ်ယောက်ရဲ့ သူငယ်ချင်းဘဝကို ပြန်မြင်တွေ့ရဖို့ မျှော်လင့်ရမှာပါ။

*Ref: Trend Myanmar* □

# ရင်လေးစရာဘဝများ မျိုးကို



ရန်ကုန်မြို့ရောက်တော့ သန်လျင်မှာ ရှိတဲ့ ရေလည်ကျောက်တန်းဖက်ကို ဘုရားဖူး သွားမယ်ဆိုပြီး စဉ်းစားကာ သယ်န်းကျွန်းက နေ တက္ကစီငှားပြီးတော့ သာကေတအထိ ငှားလာခဲ့ကြတယ်။ သာကေတကနေ သန်လျင်ကို သွားတဲ့ကားဂိတ်မှာ ကားစောင့်နေကြတယ်။

ကားတွေကတော့ တစီးထိုးဆိုက်လာလိုက် ပြန်ထွက်သွားလိုက်ဆိုတော့ ကျနော်လည်း ငေးကြည့်နေမိတယ်။ ဒီအချိန်မှာ ကျနော်တခု သတိထားမိတာ ရှိတယ်။ အဲဒါကတော့ ကားဂိတ်ကိုလာတဲ့ ကားတိုင်းနားကပ်ပြီး ပိုက်ဆံလိုက်တောင်းနေတဲ့ မိသားစုတစုကို တွေ့လိုက်ရတယ်။ သူတို့မိသားစုထဲလက်ထဲမှာလည်း အဝတ်အစားအိတ်တွေ၊ ပေါက်တူးတွေ၊ ချက်ပြုတ်စားသောက်ဖို့ အိုးခွက်ပန်းကန်တွေတောင် ပါသေးတယ်။ ဒီထဲမှာ ထူးခြားတာက ၄ နှစ်အရွယ်လောက်ရှိမယ့် ယောက်ကျားလေးတယောက်နဲ့ ၂ နှစ်အရွယ် မိန်းကလေးတယောက်ကို တွေ့လိုက်ရတော့ ဂရုဏာ သက်မိသွားတယ်။ကျနော်လည်း သူတို့မိသားစုတွေနဲ့ ပက်သက်တာတွေကို မေးခွန်း ထုတ်ချင်လာမိတယ်။

ကျနော်နဲ့ပါလာတဲ့ အသိတယောက်ကို 'ကလေးတွေက သနားစရာလေးတွေ နော်'လို့ ပြောလိုက်တော့ သူက 'ဒါတွေက ဒီလိုပဲတဲ့၊ အခုခေတ်မှာ တောင်းစားတဲ့ပုံစံပြောင်းသွားတာ၊ အရင်ကဆိုရင် ခွက်လေးကိုင်ပြီး တောင်းတာတို့၊ အနာရောဂါ ရှိလို့ ဆိုတာတွေနဲ့ တောင်းတယ်၊ အခုခေတ်က ပုံစံပြောင်းသွားပြီ၊ ရန်ကုန်မှာနေတဲ့သူတွေဆိုရင် မန္တလေးကို ပြန်ဖို့ လမ်းစရိတ် မရှိလို့ ဆိုပြီး တောင်းကြတယ်၊ ဒါက ခေတ်သစ်တောင်းနည်းအသစ်'တဲ့။

သန်လျင်ကိုသွားတဲ့ ကားပေါ်ထိုင်လိုက်ရင်း အတွေးနယ်ချဲ့ခဲ့တယ်။ လူကြီးတွေက စားဝတ်နေရေး မပြေလည်လို့ တောင်းစားရတယ်ဆိုရင်တောင် ကလေးတွေရဲ့ ဘဝကတော့ လုံခြုံမှု မရှိဘူးဆိုတာကို တွေ့နေရတယ်။ ကလေးတွေရဲ့ လွတ်လပ်ခွင့်တွေလည်း ဆုံးရှုံးလျက်ရှိနေတယ်။ ကလေးတွေကလည်း အခြားကလေးတွေလို ဆော့ကစားချင်စိတ် ရှိကြပေမယ့် မိဘတွေရဲ့ စားဝတ်နေရေးဆိုတဲ့ အရိပ်ကြီးက ထိုးခံနေတော့ ကလေးတွေရဲ့လွတ်လပ်ခွင့်ကို ပေးလိုက်ရတော့တာပါပဲ။

မြန်မာနိုင်ငံထဲမှာ ရှိတဲ့ ကလေးသူငယ်တိုင်းဟာ လမ်းဘေးမှာ ဘဝပျက်၊ စာမသင်ကြားနိုင်တဲ့သူတွေ၊ လမ်းဘေးမှာ စွန့်ပစ်ခံထားရတဲ့ကလေးတွေကတော့ ရှိနေဦးမှာပါပဲ။ အဓိကအခြေခံအကြောင်းတရားကို ပြန်လည်သုံးသပ်မယ်ဆိုရင် ကလေးသူငယ်တွေအတွက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မှုက အင်မတန်နည်းပါးလှတာကြောင့် ဖြစ်ပါတယ်။ ကလေးတွေအတွက် ကောင်းမွန်တဲ့ ပညာရေးစနစ်တွေကို ထားရှိပေးရမှာ ဖြစ်ပါတယ်။ အလွတ်ကျက်ဖြေရတဲ့ ပညာရေးစနစ်မျိုးတွေ ရှိနေသေးသ၍တော့ သာကေတကားဂိတ်မှာ ကလေးတွေနဲ့အတူ ပိုက်ဆံလိုက်တောင်းနေတဲ့ မိဘတွေ ထွက်ပေါ်လာနေဦးမှာပဲ ဖြစ်ပါတယ်။

သန်လျင်ဖက်ကို ကားပေါ်ကနေသွားရင်း ကျနော်နဲ့ပါလာတဲ့ အသိတယောက်က သာကေတကားဂိတ်မှာ တောင်းစားနေတဲ့သူတွေ ဘယ်မှာနေတာလဲ သိချင်လားလို့မေးလာတော့ ကျနော်လည်း သိချင် ဘယ်မှာနေတာလဲဆိုပြီး ဖြေလိုက်တယ်။ အဲဒီတော့ သူက ကျနော့်ကို တိုင်းရင်းသားကျေးရွာ မရောက်ခင်မှာပဲ သူတို့နေတဲ့နေရာကို ပြောပြတယ်။ ပါလာတဲ့ ကျနော့် အသိတယောက်ကလည်း သတင်းထောက် သိလေဟန်တူပါရဲ့။ ကားဂိတ်က သားအမိတွေကို သိနေတာဖြစ်မှာပေါ့လို့ တွေးလိုက်မိတာ။ ကိုယ်က ရန်ကုန်သား မဟုတ်လေဘူးလေ။ ကျနော့်အသိပြောသမျှ နားထောင်နေရင်း သန်လျင်ကားဂိတ်ဆုံးတဲ့ နေရာရောက်တော့ ကျနော်တို့မြို့က ဘုရားပွဲအလား စည်ကားလှတာကို တွေ့ရတယ်။ နောက် မေးကြည့်တော့ ရန်ကုန်ကနေ သန်လျင်ရောက်ရင် ဂိတ်ဆုံးတဲ့နေရာက ဈေးနဲ့ ကားဂိတ်ကတွဲယှက်ဆိုတော့မှ သတိထားမိတယ်။ တောသားမြို့ရောက်ဆိုသလိုပေါ့ဗျာ။ ကျနော့်ဘဝက မြို့ပေါ်မှာ မနေဘူးတော့ ကရဝိတ်ကိုဘုရားထင်ပြီး ကန်တော့သလိုမျိုးဖြစ်နေတာပေါ့ဗျာ။

ကျနော့် အသိကလည်း သန်လျင်လည်းရောက်ရော ဘုရားဖူးသွားဖို့အတွက် ရေလည်ကျောက်တန်းကို ခေါ်သွားတယ်။ အဲဒီမှာ ကျနော် မကြားဘူးတာတွေကို ကြား

> မြန်မာနိုင်ငံထဲမှာရှိတဲ့ ကလေးသူငယ်တိုင်းဟာ လမ်းဘေးမှာ ဘဝပျက်၊ စာမသင် ကြားနိုင်တဲ့သူတွေ၊ လမ်းဘေးမှာ စွန့်ပစ်ခံထားရတဲ့ကလေးတွေကတော့ ရှိနေဦးမှာပါပဲ၊ အဓိက အခြေခံ အကြောင်းတရားကို ပြန်လည် သုံးသပ်မယ်ဆိုရင် ကလေးသူငယ်တွေ အတွက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မှုက အင်မတန်နည်းပါးလှတာကြောင့် ဖြစ်ပါတယ်၊

လိုက်ရတယ်။ ေရလည်ကျောက်တန်းက ဘုရားကို မသွား ဈေးဆိုင်တန်းတွေက အများကြီးပဲ။ ဘုရားပန်းတွေ ရောင်းတာကလည်း အရောင်အသွေးစုံလို့။ တဖက်ဘေးမှာလည်း မြစ်ရေနဲ့ ဘုရားကို မြင်ရအောင် သံပန်းနံရံတွေ ခြားပြီး ဆောက်လုပ်ထားလေတော့ ကျနော်တို့လာတဲ့ ကွန်ဂရစ်လမ်းကနေ တဖက်ကမ်းမှာရှိတဲ့ ရေလည်ကျောက်တန်းဘုရားကို ကြည်ညိုစွာ ဖူးမျှော်နိုင်တယ်။ ရေလည်ကျောက်တန်းဘုရားကို လမ်းလျှောက်ပြီးလာတဲ့ ကွန်ဂရစ်လမ်းတလျှောက်မှာ ဘုရားဖူးတွေ စားဖို့ရာအတွက် ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေက အဆင်သင့် ထိုင်နေလေတော့ ခရီးသွားတွေအတွက် အဆင်ပြေကြလေရဲ့။

စားသောက်ဆိုင်တန်းတွေ ကျော်လွန်ပြီး ဘုရားပဝဏ်ကနေ ရေလည်က ဘုရားကို ကူးဖို့ လုပ်တော့ ကျနော် မကြားဘူးတာတခုကို ကြားလိုက်မိတယ်။ အဲဒါကတော့ စက်လှေတွေမှာ လိုက်နေတဲ့ ကလေးတွေ အကြောင်းပါ။

ရေလည်ကျောက်တန်းကဘုရားကို ရောက်ဖူးတဲ့သူတိုင်း မြင်ဖူးတဲ့ မြင်ကွင်းလေးပါ။ ဟိုဖက်ကမ်း ဒီဖက်ကမ်းကူးပြီဆိုရင် လှေဦးကနေ ကြိုးကိုင်ပေးရတာတို့၊ ရေလည်ရောက်အောင် တွန်းလှစ်ပေးရတာတို့ကို လုပ်ကြရတာတွေကို မြင်ခဲ့ကြဖူးမှာပါ။ အဲဒီ ကလေးတွေက ဒီအလုပ်ကို နှစ်ခြိုက်လို့ လုပ်နေကြတဲ့ ကလေးတွေ မပါပါဘူး။ လှေပေါ်က ဆင်းလာရင် အဲဒီကလေးတွေက မုန့်ဖိုး တောင်းခံတတ်ကြတာကိုလည်း ကြုံဖူးကြပါမယ်။ အဲဒီကလေးတွေက သူတို့အတွက် အလကားမတ်တင်းရတဲ့ ပိုက်ဆံတွေကို လူကြီးတွေထံကနေ တောင်းကြတာ မဟုတ်ဘူးဆိုတဲ့ နောက်ခံအကြောင်းတရားတွေက ရှိနေတတ်ကြပါတယ်။

အဲဒီကလေးတွေက လှေဦးကနေ ကြိုးဆွဲပေးရတာတို့၊ တွန်းလှတ်ပေးရတာတို့ လုပ်ရတဲ့အလုပ်က လွယ်လွယ်ကူကူနဲ့ ရတာမဟုတ်ပါဘူး။ စက်လှေမောင်းတဲ့သူနဲ့ ခင်အောင် ပေါင်းသင်းဆက်ဆံရပါတယ်။ စက်လှေမောင်းတဲ့သူက အဲဒီကလေးကို မကြိုက်နှစ်သက်ရင်လည်း ဒီအလုပ်ကို လုပ်ကိုင်လို့ မရပါဘူး။ လှေပေါ်ကဆင်းလို့ရလာတဲ့ ပိုက်ဆံတွေကလည်း အပြည့်ရတာ မဟုတ်ပါဘူး။ စက်လှေမောင်းတဲ့သူတွေကို ပေးရပါသေးတယ်။ စက်လှေမောင်းတဲ့သူ ခိုင်းစေတာကိုလည်း လုပ်ကိုင်ပေးရပါတယ်။ စက်လှေမောင်းတဲ့သူက မကြိုက်နှစ်သစ်တော့ဘူးဆိုရင်တော့ အလုပ်လည်း တခါတည်း ပြုတ်ပါတော့တယ်။ အဲဒီကလေးတွေက ကျောင်းဖွင့်ချိန်မှာ ကျောင်းမတက်ပဲ အလုပ်လုပ်ကိုင်နေရတာကတော့ မိသားစုဝမ်းရေးပြဿနာကို ဖြေရှင်းဖို့ပါပဲ။ အလုပ်လုပ်ကိုင်နေတဲ့ ကလေးငယ်တွေကို ကြည့်လိုက်ပြန်တော့လည်း ၁၀ နှစ်၊ ၁၃ နှစ်လောက်သာ ရှိပါလိမ့်မယ်။ တချို့ကလေးငယ်တွေက ၂ တန်း၊ ၃ တန်းလောက်အထိ ကျောင်းတက်ခဲ့ဖူးပါတယ်တဲ့။

ဒီလိုပြဿနာတွေဖြစ်နေရတဲ့ အကြောင်းကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းနဲ့ အခမဲ့ပညာရေးစနစ်ကို လုပ်ဆောင်နိုင်ခြင်း မရှိလို့ပါပဲ။ ဘွဲ့ရပညာတတ်လို လူတန်းစားတွေတောင် အလုပ်တခု ရဖို့ဆိုတာ မလွယ်လှပါဘူး။ ရတဲ့ဘွဲ့နဲ့ လုပ်ကိုင်ရတဲ့ အလုပ်ကလည်း ကိုက်ညီခြင်း မရှိတာတွေတွေ့ရပါတယ်။ ဘွဲ့ရပြီး ဆိုက်ကားနင်းတဲ့သူက နင်း။ ကားမောင်းသူက မောင်း။ ဈေးရောင်းသူက ရောင်းနဲ့။ အလုပ်အကိုင်အခွင့်အလမ်းဆိုတာကလည်း အစိုးရက လုပ်ပေးနိုင်စွမ်း မရှိသေးပါဘူး။ ဆင်းရဲမွဲတေမှုလျော့ကျရေးကို ကြည့်မယ်ဆိုရင် သိသာထင်ရှားစွာ မြင်နိုင်ပါတယ်။ ပညာရေးကိုလည်း ဗဟိုချုပ်ကိုင်မှုစနစ်တွေ ပျောက်ကွယ်သွားပြီး ဒီမိုကရေစီပညာရေး ဖြစ်ပေါ်မှသာ ကြုံတွေ့နေရတဲ့ ပြဿနာရပ်တွေ ပြေလည်သွားနိုင်ပါလိမ့်မယ်။

သန်လျင်ရေလည်ကျောက်တန်းက ဘုရားဖူး ပြန်လာပြီး အအေးနဲ့ စားသောက်စရာဆိုတဲ့ ဈေးဆိုင်လေး ဝင်ထိုင်ရင်း ကော်ဖီသောက်ကြတယ်။ ဈေးဆိုင်မှာ ကြည့်တော့လည်း ၁၄ နှစ်သာသာ ကလေးတယောက်ကို တွေ့လိုက်ရပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်နေရာကိုသွားသွား ကလေးအလုပ်သမားတွေကို မြင်နေရပါတယ်။ ကျောင်းနေရမယ့်အရွယ်တွေက လုပ်ငန်းခွင်တွေကို ရောက်နေကြပြီး အလုပ်လုပ်ကိုင်နေရတယ်။ 'ထမင်းဖိုးလေး သနားကြပါ အကိုကြီး' ဆိုတဲ့ အသံကြားလို့ လှည့်ကြည့်လိုက်တော့ ဆံပင်ကောက်ကောက်၊ အသားရေ ညိုညစ်ညစ်နဲ့ အင်္ကျီအပြာရောင် ခပ်နွမ်းနွမ်း ဝတ်ဆင်ထား

*စာမျက်နှာ (၁၃) သို့*

# ဘာတိုကိုအနိုင်ထိုးပြီး မေဝယ်သာ လက်ဝှေ့သမားဘဝမှ အနားယူ






တစ်နိုင်ငံတည်းသားလက်ဝှေ့သမား အန်ဒရေးဘာတိုကို ဒိုင်လူကြီး သုံးဦးလုံး၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်ဖြင့် အနိုင်ယူပြီးနောက် အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝယ်သာသည် လက်ဝှေ့သမားဘဝတစ်လျှောက် ရှုံးပွဲမရှိ (၄၉-၀) ဖြင့် ကြီးကျယ်ခမ်းနားသော လက်ဝှေ့သမားစာရင်း ဝင်သွားသည်။

မေဝယ်သာ (၃၈) နှစ်က ၄င်းထက်ငယ်သော ပြိုင်ဘက်ကို အသာစီးဖြင့် ထိုးသတ်ကာ ၁၂ ချီ အပြီးတွင် WBC နှင့် WBA ဝယ်လ်တာဝိတ် ချန်ပီယံဆုများ ဆက်လက်ထိန်းသိမ်းသွားသည်။

မေဝယ်သာ၏ (၄၉-၀) စံချိန်သည် ဟဲဗီးဝိတ်ချန်ပီယံဟောင်း ရော့ကီးမာစီယာနိုနှင့် စံချိန်တူဖြစ်သည်။

MGM Grand Garden တွင် ထိုးသတ်သည့်ပွဲ၌ ဝိတ်တန်း ငါးတန်း ကမ္ဘာ့ချန်ပီယံ မေဝယ်သာက လျှင်မြန်သော ထောက်လက်သီးများ၊ နေရာယူတတ်မှု၊ ဖျတ်လတ်သော လှုပ်ရှားမှုများဖြင့် လွှမ်းမိုးခဲ့ပြီး ဒိုင်လူကြီး သုံးဦးလုံးက ၄င်းအား အမှတ်ပိုပေးခဲ့ကြသည်။ အနိုင်၊ အရှုံး (၃၀-၄) မှတ်တမ်းဖြင့် ဘာတိုသည် နောက်ဆုံးခုနစ်ပွဲတွင် လေးပွဲမြောက် ရှုံးနိမ့်သွားခြင်းဖြစ်သည်။

"ဘာတိုဟာ ဇွဲရှိတယ်။ မေး ကြောလည်းမာတယ်။ လဲသွားမှာလည်း မဟုတ်ဘူး" ဟု မေဝယ်သာက တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။

"ဒါဟာ ပွဲကောင်းပါ။ သူ ဟာခက်ခဲတဲ့ ပြိုင်ဘက်ဆိုတာ ကျွန်တော်သိတယ်။ ဒီညပွဲမှာ အတွေ့အကြုံက စကားပြောသွားတယ်။ ဘာပြောရမလဲ။ ကျွန်တော်ဟာ ဒီည သူ့ထက် ပိုကောင်းခဲ့တယ်" ဟု မေဝယ်သာက ဘာတိုနှင့် ပွဲအကြောင်းပြောသည်။

ပွဲ ၅၀ ပြည့်အောင် ယှဉ်ပြိုင်ဦးမလားဟု မေးမြန်းရာတွင် မေဝယ်သာက "လက်ဝှေ့သမားဘဝ ပြီးဆုံးသွားပါပြီ။ တရားဝင်ပြောတာပါ။ ငွေကြေးလည်း ဖူလုံနေပြီး ကျန်းမာရေးလည်း ကောင်းပါတယ်" ဟု ပြောသည်။ လက်ဝှေ့နှင့် ပတ်သက်၍ မရှိတော့ဟု လက်ဝှေ့သမိုင်းတွင် ခံစစ်အကောင်းဆုံး ကစားတတ်သော လက်ဝှေ့ကျော်က ပြောသည်။

Credit: 7daydaily □

---

*စာမျက်နှာ (၁၂) သို့ "ရင်လေးစရာဘဝများ" မှအဆက်*

တဲ့ အသက် ၁၂ နှစ် အရွယ် ကလေးတယောက်ကို တွေ့လိုက်ရတယ်။ ကျနော်လည်း 'ပိုက်ဆံတော့ မပေးဘူး သားရေ၊ သား ထမင်း ဆာတယ်ဆိုရင် ဦးတို့ ထမင်းကျွေးမယ်လေ'လို့ ပြောလိုက်တော့ 'သား ထမင်း မစားချင်ဘူး၊ ပိုက်ဆံပဲ လိုချင်တာ'လို့ ပြန်ဖြေတယ်။ ကျနော်တို့က ထပ်ခါထပ်ခါ ပြောတော့ ကောင်လေးက 'သားတို့ ဒီဆိုင်ထဲမှာ ထိုင်စားလို့ မရဘူး၊ ဆိုင်ထဲဝင်ရင်တောင် သားတို့ကို ဆိုင်ရှင် အဒေါ်ကြီးက အော်မောင်းထုတ်တယ်'တဲ့။ 'ဦး ပြောပေးမယ်၊ လာထိုင်ဆိုပြီး ကောင်လေးကို ခေါ်ပြီး ခုံမှာ ထိုင်ခိုင်းလိုက်တော့ ဆိုင်ရှင်အဒေါ်ကြီးရဲ့ မောင်းထုတ်သံကို ကြားလိုက်ရသေးတယ်။ ကျနော်တို့ ထမင်းကျွေးချင်လို့ ထိုင်ခိုင်းထားတာဆိုတော့ ဆိုင်ရှင်အဒေါ်ကြီးလည်း ဘာမှ ပြန်မပြောတော့ပဲ ကောင်လေးစားဖို့ ထမင်း ပြင်ပေးတယ်။

ကျနော်လည်း ကောင်လေးကို ထမင်းစားနေရင်းနဲ့ မေးခွန်းတွေ တခုပြီးတခု မေးကြည့်တော့ ကောင်လေးမှာ မိသားစု ၅ ယောက် ရှိတယ်။ သူ့နာမည်က ဖိုးလပြည့်တဲ့။ နာမည်နဲ့ မလိုက်အောင် လမိုက်ညဖြစ်နေတဲ့ ဘဝတွေပါ။ သူက အိမ်မှာအကြီးဆုံးတဲ့။ သူ့အောက်မှာ ညီမ ၂ ယောက် ရှိတယ်။ အဖေက သူတို့တောင်းလို့ ရသမျှကို အရက်သောက်တယ်တဲ့။ အမေကတော့ နေမကောင်းဖြစ်နေလို့ သူပဲ ထွက်တောင်းနေရတယ်။ သန်လျင်ဘုရားကို သွားတဲ့ စက်လှေမှာလည်း ကြိုးကိုင်တာတို့၊ စက်လှေကို တွန်းပေးရတာမျိုးတွေ လုပ်ပေးခဲ့ဖူးတယ်တဲ့။ စက်လှေမောင်းတဲ့သူက မကြိုက်လို့ သူ အလုပ်ပြုတ်ပြီး တောင်းစားနေရတယ်ဆိုတာတွေကို ထမင်းစားရင်း ပြောပြနေရှာတယ်။ သူက ကျောင်းလည်း ၃ တန်းအထိ တက်ဖူးတယ်။ ဘာကြောင့်ကျောင်းဆက် မတက်တာလည်း မေးတော့ သူတို့ မိသားစုအတွက် ပိုက်ဆံရှာရမှာမို့လို့ပါတဲ့။ ကျောင်းဆက်တက်ချင်ပေမယ့် မိသားစုစားဝတ်နေရေးကို ဦးစားပေးခံလိုက်တဲ့ ကောင်လေးရဲ့အသံတွေက ဆို့ဆို့နင့်နင့်ကို ဖြစ်နေတယ်။

မိသားစု စားဝတ်နေရေး မပြေလည်လို့ ရင်းလိုက်ရတဲ့ ကလေးတွေ ဘယ်လောက်တောင်များနေပြီလဲ။ ၁၈ နှစ်တောင် မပြည့်သေးတဲ့ ကလေးတွေရဲ့ ဘဝတွေကို လုပ်ငန်းခွင်မျိုးစုံမှာ အဖြေရှာနေကြရတာတွေက ဘယ်သူတွေကြောင့်လဲ။

မြစ်ရေစီးကြောင့် ကမ်းပါးကို လာရိုက်ခတ်တဲ့ အသံက တဝုန်း ဝုန်းနဲ့ . . . ။ □

# ရောင်ခြည်ဦးသုတပဒေသာ

## မျက်နှာဖုံးတွေတပ်ပြီးအလုပ်လုပ်ကြတဲ့ကုမ္ပဏီ



တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘီးပြည်နယ်က ကုမ္ပဏီတစ်ခုက မန်နေဂျာ၊ခေါင်းဆောင်၊ အဖွဲ့မှူး၊ အဖွဲ့ဝင် ဝန်ထမ်း၊ အောက်ခြေသိမ်း အစရှိတဲ့သူတွေရဲ့ မရိုးတမ်းမျက်နှာတွေ၊ အလုပ်တွေကို လုပ်ကိုင်နေရတာကြောင့် ငြီးငွေ့စရာကောင်းနေတဲ့ ဆက်ဆံရေးမျက်နှာတွေမှာ ဝန်ထမ်းတွေအားလုံးကို မျက်နှာဖုံးတွေ တပ်ဆင်ပြီး အလုပ်စေခိုင်းခဲ့ပါတယ်။

လစဉ်တိုင်းရဲ့ Relaxion day လို့ သတ်မှတ်ထားတဲ့ ရက်တွေမှာ ဝန်ထမ်းတွေအားလုံးကို မျက်နှာဖုံးအဖြူရောင်တွေ တပ်ဆင်ပြီး ရုံးတက် အလုပ်လုပ်ကြရမှာပဲ ဖြစ်ပါတယ်။ မန်နေဂျာကနေ သန့်ရှင်းသမားတွေအထိ အားလုံးက တပ်ဆင်ကြရမှာဖြစ်ကာ သင်တန်းပို့ချခြင်း၊ အစည်းအဝေးပွဲများ လုပ်ခြင်း၊ အလုပ်တွဲဖက်ကုမ္ပဏီများနဲ့ သွားရောက်တွေ့ဆုံခြင်း၊ ဖောက်သည်များနဲ့ စကားပြောကြားခြင်းတို့မှာတောင် အပြုံးဆောင်တဲ့ ဒီမျက်နှာဖုံးတွေကို တပ်ဆင်ထားရမှာ ဖြစ်ပါတယ်။

ဒီလိုမျိုးလုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်က အလုပ်ရေရှည်လုပ်ကိုင်လာရတဲ့ ဝန်ထမ်းတွေမှာ အခက်အခဲအမျိုးမျိုးကြောင့် စိတ်ဖိစီးမှုများ၊ စိတ်မပျော်ရွှင်ရခြင်းများ ဖြစ်သည့်တိုင်အောင် ဒီမျက်နှာဖုံးတွေက ဖုံးကွယ်ပေးထားပြီး ဘေးပတ်ဝန်းကျင်ကလူတွေ ထိတွေ့ဆက်ဆံရတဲ့လုပ်ငန်းခွင်မှာ စိတ်ဖိစီးမှုအနည်းငယ် ပြေလျော့သွားမှာဖြစ်ပါတယ်လို့ ဆိုထားပါတယ်။ *Credit: Yoyarlay* □

## ကားပေါ်မှာ စာအုပ်ဖတ်ရင် ဘတ်စ်ကားခ ပေးစရာမလိုတဲ့အစီအစဉ် ရိုမေးနီးယားမှာပြုလုပ်



ရိုမေးနီးယားနိုင်ငံမှာရှိတဲ့ မြို့တော်တစ်ခုဟာ ပြည်သူတွေအတွက် အကောင်းဆုံး အစီအစဉ်တစ်ခု ဖန်တီးပေးလိုက်ပါတယ်။ အဲဒါကတော့ ပြည်သူ့သယ်ယူပို့ဆောင်ရေး ယာဉ်တစ်ခုခုကို အသုံးပြုမယ့် မည်သူမဆို စာအုပ်ကောင်းတစ်အုပ်ကို ဖတ်မယ်ဆိုရင် အခမဲ့ စီးနင်းခွင့်ရမယ်ဆိုတာပါပဲ။

ဇွန်လထဲမှာ တစ်ပတ်တိတိ Cluj-Napoca မြို့တော်ဟာ ခရီးသည်တွေကို ခရီးသွားနေစဉ် ယာဉ်ပေါ်မှာ စာအုပ်ဖတ်မယ်ဆိုရင် ဘတ်စ်ကား အခမဲ့ စီးနင်းခွင့်ပြုခဲ့ပါတယ်။

အစီအစဉ်ကိုတော့ စာအုပ်စာပေ ချစ်မြတ်နိုးသူ Victor Miron ဆိုသူက ရေးဆွဲတောင်းဆိုခဲ့တာဖြစ်ပြီး သူ့ရဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေကို ခရီးသွားရင်း စာအုပ်ပိုဖတ်ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်ပဲဖြစ်တယ်လို့ သိရပါတယ်။

Victor ဟာ ထို အတွေးတွေကို သူ့ရဲ့ မြို့တော်ဝန်ကို တင်ပြပြီး သွားရောက်တိုင်ပင်ခဲ့တဲ့အခါမှာ မြို့တော်ဝန်ကလည်း သူ့ရဲ့ အစီအစဉ်ကို သဘောကျခဲ့ပါတယ်တဲ့။ အဲဒီနောက်မှာ Victor ဟာ သူ့ရဲ့ Facebook ကတစ်ဆင့် ထိုအစီအစဉ်အကြောင်းများ ရေးသားခဲ့တဲ့အခါမှာ ကောင်းမွန်တဲ့ တုံ့ပြန်မှုတစ်ခုကို ပြန်ရခဲ့တဲ့အတွက် ၁ နှစ်ကျော်လောက် အချိန်ပေးပြီး ထိုအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့တာပဲ ဖြစ်ပါတယ်။

ထိုအစီအစဉ်ကို ရိုမေးနီးယားနိုင်ငံမှာလည်း တစ်ပတ်ခန့်သာ စမ်းသပ်လုပ်ဆောင်ခဲ့တာဖြစ်ပေမယ့် ထိုအစီအစဉ်ဟာ ကမ္ဘာအနှံ့အပြားမှာ အသုံးပြုသင့်တဲ့ အစီအစဉ်တစ်ခုပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူ့သယ်ယူပို့ဆောင်ရေးကို အခမဲ့ဆောင်ရွက်ပေးလိုက်ရုံနဲ့ တိုင်းသူပြည်သားအားလုံး စာဖတ်ဖြစ်တော့မယ့် အစီအစဉ်တစ်ခု ဖြစ်နေလို့ပါ။ *Ref : Metro* □

## လျှပ်စစ်ကားကို မောင်းနေရင်းနဲ့ အားသွင်းပေးနိုင်မယ့် စမတ်လမ်းမ



လျှပ်စစ်ကားတွေ မောင်းနေရင်းနဲ့ အားသွင်းနိုင်မယ့် စမတ်လမ်းမစမ်းသပ်မှုကို ဒီနှစ်အတွင်း UK မှာစတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ လျှပ်စစ်လမ်းမတွေဟာ ဝေး ကွာတဲ့ခရီးမောင်းနှင်ရာမှာ ဘက်ထရီ ပြန်အားဖြည့်ဖို့ ရပ်နေစရာမလိုဘဲ လျှပ်စစ်ကားတွေနဲ့ တောက်လျှောက် မောင်းနှင်သွားနိုင်အောင် စွမ်းဆောင်ပေးမှာဖြစ်ပါတယ်။

အစိုးရပိုင် Highways England ကုမ္ပဏီက ပူးပေါင်းဆောက်လုပ်မှာဖြစ်ပြီး လျှပ်စစ်-သံလိုက်ကူးပြောင်းနည်းနဲ့ အားသွင်း ပေးတဲ့ကိရိယာကို နိုင်လွန်ကတ္တရာလမ်းမ အောက်မှာ ထည့်သွင်းထားမှာဖြစ်ပါတယ်။

Highways England ရဲ့ အင်ဂျင်နီ ယာချုပ် Mike Wilson က ကြိုးမဲ့စွမ်းအင်နည်းပညာသုံး အဝေးပြေးလမ်းမတွေက အင်္ဂလန်နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်စေမယ့် လမ်းကွန်ရက်တစ်ခု ဖန်တီးတဲ့နေရာမှာ အထောက်အကူပြုမှာဖြစ်ပါတယ်။ နိုင်ငံအနှံ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ပေးတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက်လည်း အခွင့်အရေးသစ်တွေ ပေါ်ထွက်လာမှာပါလို့ ပြောကြားခဲ့ပါတယ်။ စမ်းသပ်မှုတွေကို နှစ်ကုန်ပိုင်းမှာ စတင်သွားမှာဖြစ်ပြီး ၁၈ လကြာမြင့်မှာဖြစ်တယ်လို့ သိရပါတယ်။

ဗြိတိန်အစိုးရဟာ ဒီစီမံကိန်းမှာ နောင် ငါးနှစ်အတွက် ပေါင် သန်း ၅၀၀ မြုပ်နှံပြီးဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး Andrew Jones က ပြောကြားခဲ့ပါတယ်။
*Ref : Yahoo* □

## ကမ္ဘာ့ပထမဆုံး ရွှေ့ပြောင်းသယ်ဆောင် သွားနိုင်မယ့် ကျွန်းစွယ်များ



အနုပညာရှင်အချို့က ရာဇဝင်မှာ စာတင်နိုင်မယ့် ကမ္ဘာ့ပထမဆုံး ရွှေ့ပြောင်းသယ်ဆောင်သွားနိုင်မယ့် (Portable) ကျွန်းစွယ်တွေကို တည်ဆောက်မယ့် စီမံကိန်းကို ဖော်ပြလိုက်ပါတယ်။ ထိုကျွန်းစွယ်တွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ လျော်ညီပြီး ကိုယ်တိုင် ရေရှည်တည်တံ့ဖို့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ကျွန်းစွယ်နဲ့ တွဲရက်တည်ဆောက်ထားတဲ့ အဆင့်မြင့် ဇိမ်ခံအိမ်တွေမှာတော့ လူသားတွေရဲ့ လိုအပ်ချက်ဖြစ်လာမယ့် ရေကူးကန်တွေ၊ လှေဆိပ်တွေနဲ့ အစိမ်းရောင်ရှိတဲ့ သစ်ပင်တွေကိုလည်း စိုက်ပျိုးတည်ဆောက်ထားမှာ ဖြစ်တယ်လို့ သိရပါတယ်။

Amillarah လို့အမည်ပေးထားတဲ့ သီးသန့်ကျွန်းစွယ်တွေဟာ မော်လ်ဒိုက်ဗ်၊ မိုင်ယာမီနဲ့ ဒူဘိုင်းတို့မှာရှိတဲ့ အဆင့်မြင့်နေအိမ်တွေနဲ့ ဆင်တူပြီး Christie]s International Real Estate ကုမ္ပဏီနဲ့ ဆောက်လုပ်ရေးအဖွဲ့ Dutch Docklands တို့က စီမံကိန်းကို ဖန်တီးခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ‘ရေပြင်ပေါ်မှာ သီးသန့်ကျွန်းစွယ်တွေ တည်ဆောက်ဖို့ဆိုတဲ့ အခွင့်အရေးဟာ Dutch Dockland ရဲ့ အရည်အချင်းတွေပဲ ဖြစ်ပါတယ်။’လို့ Christie]s International Real Estate ကုမ္ပဏီ ရဲ့ CEO ဖြစ်သူ Dan Conn က ဆိုထားပါတယ်။

ဒါ့အပြင် ထိုကျွန်းစွယ်တွေကို ဝယ်ယူမယ့်သူတွေအနေနဲ့ နေအိမ်ရဲ့ အရွယ်အစား၊ ပုံစံနဲ့ စတိုင်လ်တွေကို ရွေးချယ်ခွင့်ရမှာဖြစ်ပြီး ထိုကျွန်းစွယ်တွေကတော့ မော်လ်ဒိုက်၊ ဒူဘိုင်းနဲ့ မိုင်ယာမီတို့မှာ တည်ရှိမှာဖြစ်ပါတယ်။ ဒီကျွန်းစွယ်တွေရဲ့ ဒီဇိုင်းကိုတော့ နာမည်ကြီးဟော်လန် ဗိသုကာပညာရှင် Koen Olthuis က ရေးဆွဲဖန်တီးခဲ့တာဖြစ်ပါတယ်။ Dutch Docklands အဖွဲ့ကို ၂၀၀၅ ခုနှစ်မှာ တည်ထောင်ခဲ့သူလည်း ဖြစ်ပါတယ်။

ထိုကျွန်းစွယ်တွေကိုတော့ မော်လ်ဒိုက်ဗ်မှာ ၁၀ ခု၊ မိုင်ယာမီမှာ ၃၀ ခုနဲ့ ဒူဘိုင်းမှာ ၃၃ ခုစသဖြင့် ကျွန်းစွယ်တွေကို တည်ဆောက်သွားဖို့ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။ *Ref : Mirror* □

## အမွှေးတိုင်ရဲ့ အခိုးအငွေ့တွေဟာ ဆေးလိပ်ထက်ပိုပြီး ကင်ဆာဖြစ်နိုင်ချေရှိ



အာရှတိုက်အတွင်းမှာရှိတဲ့ ဘုံကျောင်းတွေ၊ ဘုရားရှိခိုးကျောင်းတွေနဲ့ အနောက်တိုင်းမှာရှိတဲ့ လမ်းသရဲတစ်ချို့ကြောင့် အမွှေးတိုင်တွေဟာ တစ်ကမ္ဘာလုံးမှာ မွှန်ထူနေအောင် လောင်ကျွမ်းနေပါပြီ။

ဒါပေမယ့်လည်း အဲဒီလို အမွှေးတိုင်တွေက ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ စီးကရက်သောက်တာထက်ပိုမိုပြီး ခန္ဓာကိုယ်အတွင်းက ဆဲလ်တွေကို အဆိပ်ဖြစ်စေနိုင်တယ်လို့ သုတေသနအသစ်တစ်ခုက သတိပေးလိုက်ပါတယ်။

ဒါ့အပြင် ထိုလေ့လာမှုက တွေ့ရှိခဲ့တာတွေကတော့ အမွှေးတိုင်တွေရဲ့ အခိုးအငွေ့တွေဟာ စီးကရက်ကြောင့်ဖြစ်တဲ့ အခိုးအငွေ့တွေထက်ပိုပြီး အဆိပ်ဖြစ်မှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ထိုအဆိပ်ဖြစ်မှုတွေဟာ မျိုးရိုးဗီဇဆိုင်ရာ သန္ဓေပြောင်းလဲခြင်းတွေနဲ့ DNA ဆဲလ်မှာ ပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေပြီးတဲ့နောက် ကင်ဆာဆဲလ်တွေကို ဖြစ်ပေါ်လာစေနိုင်တယ်လို့ လေ့လာမှု က ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် အဆုတ်နဲ့ပတ်သက်ပြီး ရောဂါအခံရှိသူတွေအနေနဲ့ အမွှေးတိုင်ကြောင့်ဖြစ်တဲ့ အခိုးအငွေ့ကို ရှောင်ရှားတာဟာ အကောင်းဆုံး ဖြစ်မှာပါ။ အမွှေးတိုင်ဆိုတာဟာ လွှစာပါဝင်တဲ့ ဝါးချောင်းကို လိုအပ်တဲ့အဆီတွေ သုတ်လိမ်းထားတာဖြစ်တဲ့အတွက် အမွှေးတိုင်တစ်တိုင်လောင်ကျွမ်းတဲ့အခါ ထိုပါဝင်ပစ္စည်းတွေအားလုံးဟာ လေထဲကို လွင့်ထွက်သွားပါတယ်။

ထိုအခိုးအငွေ့တွေကို ရှူရှိုက်လိုက်မိတဲ့အခါမှာတော့ ထိုပါဝင်ပစ္စည်းအားလုံးဟာ အဆုတ်ထဲကို ဝင်ရောက်သွားပါတယ်။ ထိုဖြစ်စဉ်ကိုတော့ နှိုးဆွခြင်း တုံ့ပြန်မှုလို့ ခေါ်ပါတယ်။

ဒါကြောင့် အခုကစပြီး အမွှေးတိုင်တွေရဲ့ အခိုးအငွေ့တွေဟာ လေထုညစ်ညမ်းမှုတစ်ခုတည်းကို ဖြစ်စေနိုင်တာမဟုတ်ပဲ၊ အဆုတ်ကင်ဆာ၊ လူကေးမီးယားနဲ့ ဦးနှောက်အသားပိုတွေကိုလည်း ဖြစ်ပေါ်လာစေနိုင်တယ်ဆိုတာကို ထိုလေ့လာမှုက ပြသ သတိပေးခဲ့တာပဲ ဖြစ်ပါတယ်။

ထိုလေ့လာမှုကိုတော့ တရုတ်နိုင်ငံက China Tobacco Guangdong Industrial Company က ဦးဆောင်ပြုလုပ်ခဲ့တာဖြစ်ပြီး ထိုလေ့လာမှုကိုတော့ Environmental Chemistry Letters ဆိုတဲ့ ဂျာနယ်မှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။ *Ref : Dailymail* □

## ပါရာစီတမောနဲ့တွဲ၍ စားသောက်ရန်မသင့်သော အစားအသောက်အချို့



၁။ ပါရာစီတမောကို ကိုကာကိုလာ၊ ပက်ပစီစတဲ့ ဂတ်စ်ပါတဲ့အရာများနဲ့ အချဉ်ဓါတ်ပါတဲ့အရာများနဲ့ တွဲမသောက်သင့်ပါဘူး။

၂။ ပါရာစီတမောကို ကဖင်းဓါတ်ပါတဲ့ အစားအသောက်များနဲ့တွဲပြီး မသောက်သင့်ပါဘူး။ တကယ်လို့သောက်မိလျှင်လည်း တစ်နေ့ကို (၂)လုံးထက် ပိုသောက်မိလျှင် အန္တရာယ် ရှိပါတယ်။

၃။ ပါရာစီတမောဟာ အရက်၊ ဘီယာတို့နဲ့လည်း မတည့်ပါဘူး။

၄။ ပါရာစီတမော့ကို အခြားပါရာဆေးပါတဲ့ Decolgen တို့လိုဆေးနဲ့ တွဲမသောက်သင့်ပါဘူး။

၅။ ပါရာစီတမောကို တခါသောက်ရင် အနည်းဆုံး (၄) နာရီခြားသင့်ပါတယ်။ (၂၄) နာရီအတွင်း အများဆုံး (၈) လုံးထက် ပိုမသောက်သင့်ပါဘူး။

၆။ ပါရာစီတမောကို (အခြား အချိုရေ၊ အချဉ်၊ စတဲ့ အထက်ကဖော်ပြခဲ့တာတွေနဲ့ ရောမသောက်သော်လည်းပဲ) အလွန်အကျွံ သောက်မိလျှင် ကျောက်ကပ်နဲ့ အသည်းပျက်စီးပြီး သေတတ်ပါတယ်။ ပါရာစီတမောတင်မကပဲ အကိုက်အခဲပျောက်ဆေးများနဲ့ အင်္ဂလိပ်ဆေးတော်တော်များများဟာ ဂတ်စ်ပါတဲ့ အချိုရည်များ၊ အချဉ်ဓါတ်ပါတဲ့အရာများနဲ့ တွဲမသောက်သင့်ပါဘူး။ ရိုးရိုးရေနဲ့သောက်ရင် အကောင်းဆုံးပါ။

## ရောင်ခြည်ဦး ၇ ရက်သားသမီးဗေဒင်



**တနင်္ဂနွေ** □ မိတ်ဆွေကောင်းများနှင့် တွေ့မည်။ စပ်တူ လုပ်ငန်းများ အထူးအောင်မြင်မည်။ ပညာပေးအတတ်ပညာနှင့်ပတ်သက်သော လုပ်ငန်းများ အကျိုးပေးမည်။ လူငယ်များ ပညာရေးနှင့်ပတ်သက်ပြီး စိတ်ချမ်းသာမှုရမည်။ အမွေရသကဲ့သို့ မမျှော်လင့်ပဲ ငွေဝင်မည်။ ငယ်ရွယ်သူများ အောင်သွယ်ကောင်းမှုကြောင့် ချစ်သူရလိမ့်မည်။ ဝမ်းဗိုက်နှင့် ပတ်သက်သောရောဂါများ ခံစားရတတ်သည်။ ယတြာ □ တာအိုးတစ်လုံးအတွင်း ရွက်လှ ၁၇ ရွက်ထည့်၍ မွေးနံဘုရားထောင့်တွင် လှူပေးပါ။



**တနင်္လာ** □ စက်နှင့်ပတ်သပ်သောလုပ်ငန်းလုပ်သူများ အထူးသတိထားပါ။ ရောင်းမှား၊ ဝယ်မှားဖြစ်ခြင်း၊ လူလိမ်ခံရခြင်းများ ကြုံတွေ့ရလိမ့်မည်။ အိမ်ထောင်ရှင်မိန်းကလေးများ ခင်ပွန်းနှင့် စကားများပြီး အိမ်ထောင်ကွဲသည်အထိ ဖြစ်တတ်သည် ။ရွှေအထားမှားပြီး ပျောက်တတ်သည်။ သတိထားပါ။ငယ်ရွယ်သူမိန်းကလေးများ ကြားစကားကိုယုံမိ၍ ချစ်သူနှင့် အဆင်မပြေဖြစ်လိမ့်မည်။ တနင်္လာအစ ဗုဒ္ဓဟူးနံအဆုံးနာမည်ရှင်များ အထူးသတိထားပါ။ ထိခိုက်ဒဏ်ရာရတတ်သည်။ လိမ်လည်ပြီး ငွေချေးသူကြောင့် စိတ်ညစ်ရလိမ့်မည်။ ယတြာ □ အင်္ဂါနေ့ ညနေပိုင်းတွင် လမ်းဆုံလမ်းခွမှ ခွေးများကို အစာကျွေးပေးပါ။



**အင်္ဂါ** □ စက်ပစ္စည်း ရောင်းဝယ်သူများ အထစ်အငေါ့ ဖြစ်မည်။ မမျှော်လင့်ပဲ ခရီးသွားခွင့် ကြုံခဲ့လျှင် ရေလမ်းခရီးကို ရှောင်ပါ။ အသက်အန္တရာယ် ထိခိုက်တတ်သည်။ အိမ်ထောင်ရှင်များ ဇနီးမယား ကျန်းမာရေးအတွက် ငွေကုန်လိမ့်မည်။ ဝန်ထမ်းများ စာရင်းဇယားနှင့်ပတ်သက်ပြီး အထက်လူကြီး၏ ဆူပူခြင်းခံရတတ်သည်။ ငယ်ရွယ်သူချစ်သူများ စကားပြောမှားပြီ အထင်လွဲကာ စကားများလိမ့်မည်။ ဦးခေါင်း၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ ယတြာ □ နီးစပ်ရာ တရားစခန်းများမှ ယောဂီများအား ဆေးဝါး လှူဒါန်းပေးပါ။



**ဗုဒ္ဓဟူး** □ ကျောက်ရောင်းဝယ်သောလုပ်ငန်းများ စိတ်ဝမ်းကွဲပြီး အဆင်မပြေဖြစ်မည်။ ဝန်ထမ်းများ အထက်လူကြီးနှင့် စကားများပြီး အလုပ်မှရပ်စဲခံရတတ်သည်။ ငွေဝင်သော်လည်း ဝင်သလောက် ပြန်ထွက်နေမည်။ ဆေးမှား၊ အစားမှားပြီး ဆေးရုံဆေးခန်း ရောက်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေး ကံကောင်းသော်လည်း စိတ်တိုင်းကျသော ချစ်သူမျိုး မတွေ့နိုင်သေးပါ။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် ချစ်သူမျိုးနှင့်သာ ဖူးစာဆုံနေမည်။ ယတြာ □ မိမိမွေးနံ ဘုရားထောင့်တွင် အုန်းညွန့် (၆) ညွန့်နှင့် အစိမ်းရောင်ယပ် (၄) ချောင်း လှူပေးပါ။



**ကြာသပတေး** □ မည်သည့်လုပ်ငန်းလုပ်လုပ် အကျိုးပေးသောလဖြစ်သည်။ မိတ်ဆွေကောင်းများ၏ ကူညီမှုကြောင့် လုပ်ငန်းများအောင်မြင်မည်။ မမျှော်လင့်ပဲ ဘုရားဖူးခရီးသွားရလိမ့်မည်။ အမွေရသကဲ့သို့ ထီပေါက်သကဲ့သို့ ငွေ ဝင်မည်။ ၅ ၄ ၃ ၁ ဂဏန်းများဖြင့် ထီကံစမ်းပါ။ ငယ်ရွယ်သူများ အချစ်ရေး ကံကောင်းနေမည်။ စိတ်အလိုလိုက်ပါက အိမ်ထောင်ကျသွားနိုင်သည်။ မိဘဘိုးဘွားများကို ငွေကြေးဖြင့်ကန်တော့ပါ။ စာမေးပွဲဖြေထားသူများ ကောင်းသတင်း ကြားရလိမ့်မည်။ ယတြာ □ မိမိ အိမ်နားမှ ချို့တဲ့သော ကျောင်းသားများအား ဗလာစာအုပ် လှူပေးပါ။



**သောကြာ** □ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သံ၊ သဲ၊ သွပ် ရောင်းဝယ်သောလုပ်ငန်းများ အဆင်မပြေဖြစ်မည်။ အိမ်ထောင်ရှင်များ ဇနီးကျန်းမာရေးကြောင့်ငွေကုန်မည်။ အိမ်တွင်းရေးအဆင်မပြေပဲ တစ်ဦးဦးနှင့် စကားအကြီးအကျယ်များမည်။ခရီးသွားလျှင် စိတ်ညစ်ရမည်။ ကားနှင့်ပတ်သက်၍ စိတ်ညစ်ရမည်။ မိမိအိမ် သူခိုးခိုးခံရကိန်းရှိသည်။ သတိထားပါငွေကြေး အရှုပ်အရှင်းတခုဖြေရှင်းရတတ်သည် ။ ငယ်ရွယ်သူများ ချစ်သူ ၂ ယောက်တပြိုင်နက်ထားခြင်းကြောင့် စိတ်ညစ်ရမည်။ ယတြာ □ မွေးနံ ဘုရားထောင့်တွင် သီဟို (၂၁) ခက် လှူပေးပါ။



**စနေ** □ လုပ်ငန်းအသစ်များ မချဲ့ပါနှင့်။ ယခုလအတွင်း အဆင်မပြေနိုင်သေးပါ။ ဆန်၊ ဆီ၊ ဆေး၊ စက်ပစ္စည်း၊ စာအုပ်စာပေလုပ်ငန်းများ အဆင်ပြေမည်။ မြေကိစ္စ၊ အမွေကိစ္စကြောင့် စိတ်ညစ်ရလိမ့်မည်။ ခရီးယာယီသွားရလိမ့်မည်။ မိန်းမတစ်ယောက်ကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်သည် ငွေဟောင်းကြွေးဟောင်းများ မမျှော်လင့်ပဲ ပြန်ဝင်မည်။ ငယ်ရွယ်သူများ ချစ်သူ၏ ဆိုးနွဲ့မှုကြောင့် စိတ်အနည်းငယ် ညစ်ရတတ်သည်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ ယတြာ □ မွေးနံ ဘုရားထောင့်တွင် ထီးအနီတစ်လက် အုန်းရွက် ( ၆ ) ရွက်ကို လှူပေးပါ။


မြန်မာပြည်ရေဘေးကယ်ဆယ်ကူညီရေး
ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့နှင့် မြန်မာရွှေပြောင်းအလုပ်သမားများ၏စေတနာ
Urgent
Help
ULTRA
ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့နှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ
မြန်မာပြည်ရေဘေးသင့်ဒေသများသို့
ကယ်ဆယ်ကူညီရေးအဖွဲ့
Save
Myanmar
Flood
Disaster
Victims
NOW!!!